International Labour Organization

# ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ကြားရေး အစီအစဉ် သင်ခန်းစာပေါင်းချုပ်

## အခန်းကြီး – ၂။ အထောက်အထားပေါ်အခြေခံသည့် တုံ့ပြန်မှုများဆောင်ရွက်စေခြင်း။

ကလေးအလုပ်သမားကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ရာတွင် သက်သေအထောက်အထားများဖြင့် အရေးယူဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤသင်ခန်းစာတွင်ကလေးအလုပ်သမားနှင့်ပတ်သက်၍ ခိုင်မာအားကောင်းသော အသိပညာဗဟုသုတများ ရရှိစေရန်နှင့်အထောက်အထားအခြေခံ၍ တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်ရန် ကူညီနိုင်မည့် မျိုးကွဲစုံလင်သည့် အချက်အလက် စုဆောင်းမှုများကို နားလည်စေရန် ကူညီပေးမည်ဖြစ်သည်။



© အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၂၀၂၄
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၂၄

Attribution 4.0 International (CC BY 4.0)

ဤစာအုပ်သည် Creative Commons ပိုင်ဆိုင်ခွင့်အမှတ် ၄.၀ နိုင်ငံတကာလိုင်စင်ဖြင့် ဆောင်ရွက်ခဲ့သော စာအုပ်ဖြစ်ပါသည်။ ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ကျေးဇူးပြု၍ https://creativecommons.org/licences/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။ အသုံးပြုသူများအနေဖြင့် ဤမူရင်းစာအုပ်ကို အခြေခံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပြန်လည်အသုံးပြုခြင်း၊ ဝေမျှခြင်း (ကူးယူခြင်းနှင့်ပြန်လည်ဖြန့်ဝေခြင်း)၊ လိုက်လျောညီထွေဖြစ်အောင် (ပြန်လည်ပေါင်းစပ်ခြင်း၊ အသွင်ပြောင်းခြင်းနှင့် လိုအပ်သလို ပြင်ဆင်အသုံးပြုခြင်းများ)ကို ခွင့်ပြုထားပါသည်။ အသုံးပြုသူသည် အိုင်အယ်လ်အို ကို ဤမူရင်းစာအုပ်၏ ပိုင်ရှင်အဖြစ် ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြရမည် ဖြစ်ပြီး မူရင်းအကြောင်းအရာအား အပြောင်းအလဲများ ပြုလုပ်ထားခြင်း ရှိမရှိဖော်ပြရပါမည်။ ဘာသာပြန်ဆိုခြင်း၊ လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် ဆင့်ပွားလုပ်ဆောင်ခြင်းများ နှင့် ဆက်စပ်၍ အိုင်အယ်လ်အို ၏ အမှတ်တံဆိပ်၊ အမည်နှင့် လိုဂိုကို အသုံးပြုခြင်းအား ခွင့်မပြုပါ။

**မူရင်းပိုင်ဆိုင်မှု** – အသုံးပြုသူသည် အပြောင်းအလဲများ ပြုလုပ်ထားခြင်းရှိမရှိ နှင့် စာအုပ်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြရမည်။ **ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်၊ သင်ခန်းစာ(၂) အထောက်အထား ပေါ် အခြေခံသည့်တုံ့ပြန်မှုများ ဆောင်ရွက်စေခြင်း။** ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ၂၀၂၄။ © ILO။

**ဘာသာပြန်ဆိုခြင်း–** ဤစာအုပ်ကို ဘာသာပြန်ဆိုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြ ချက်ကို ထည့်သွင်းဖော်ပြရမည်။ ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ မူပိုင်ခွင့်ရထားသော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို **ILO** မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံထားခြင်း မဟုတ်ဘဲ **ILO** ၏ တရားဝင်ဘာသာပြန်ဆိုမှုအဖြစ် မယူဆနိုင်ပါ။ ဤဘာသာပြန်ဆိုမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် တိကျမှုအတွက် **ILO** တွင် တာဝန်မရှိပါ။ ဘာသာပြန်ရေးသားသူ (များ) တွင်သာ တာဝန်ရှိပါသည်။

**လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း** – ဤစာအုပ်ကို လိုအပ်သလိုပြင်ဆင်အသုံးပြုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြချက်ကို ထည့်သွင်းဖော်ပြရမည်။ "ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ မူရင်းစာအုပ်ကို လိုအပ်သလို ပြင်ဆင်အသုံးပြုထားခြင်းဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြင်ဆင်ထားမှုများကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုပေးထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းအဖြစ် မယူဆနိုင်ပါ။ ပြောင်းလဲ ပြင်ဆင်အသုံးပြုခဲ့သူ သို့မဟုတ် ပြင်ဆင်သူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

**တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့် ပစ္စည်းများ** – ဤ Creative Commons လိုင်စင်သည် ဤထုတ်ဝေမှုတွင် ပါဝင်သော ILO မဟုတ်သော မူပိုင်ခွင့်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ပါဝင်ပစ္စည်းများသည် ပြင်ပအဖွဲ့အစည်းနှင့် သက်ဆိုင်ပါက၊ အခွင့်အရေးများကို ကိုင်ဆောင်ထားသူများနှင့် ချိုးဖောက်မှုဆိုင်ရာ တောင်းဆိုချက်များအတွက် ထိုပစ္စည်းများကို အသုံးပြုသူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။
ဤလိုင်စင်အောက်တွင် ပေါ်ပေါက်လာသော ငြိမ်းချမ်းစွာ ဖြေရှင်း၍မရသော အငြင်းပွားမှုမှန်သမျှသည် ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်မှုဥပဒေ (UNCITRAL) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရည်ညွှန်းမည်ဖြစ်ပါသည်။ အဆိုပါအငြင်းပွားမှု၏နောက်ဆုံးအဆုံးအဖြတ်အဖြစ် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း၏ရလဒ်အဖြစ် တင်ပြသည့် မည်သည့်အနုညာတစီရင်ဆုံးဖြတ်မှုသည် အသုံးပြုသူများ၊ ပြင်ပအဖွဲ့အစည်းများနှင့်သာ အကျုံးဝင်ပါသည်။
အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းလိုပါက ILO ၏ ထုတ်ဝေမှုဆိုင်ရာဌာန (အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာ ကိစ္စရပ် များ)၊ rights@ilo.org သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ILO၏ ထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို www.ilo.org/publns တွင် ရယူနိုင်ပါသည်။

ISBN: 9789220390160 (print); 9789220390177 (web PDF)
**English ဘာသာဖြင့်လည်းရနိုင်သည်:** E–learning programme on child labour pack.
ISBN: 9789220390146 (print); 9789220390153 (web PDF)

ILO ၏ထုတ်ဝေမှုများနှင့်သိမ်းဆည်းထားသောအချက်အလက်များတွင် ရွေးချယ်ခန့်ထားမှုများသည် ကုလသမဂ္ဂအဖွဲ့၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းဖော်ပြထားသည့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ် ကန့်သတ်ချက်များ နှင့်သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ရုံး၏ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။
ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များနှင့် အမြင်များသည် စာရေးသူ(များ) ၏ အမြင်များဖြစ်ပြီး ILO ၏ ထင်မြင်ယူဆချက်များ၊ အမြင်များ သို့မဟုတ် မူဝါဒများကို သေချာပေါက် ထင်ဟပ်နေမှုများ မဟုတ်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်းများသည် ILO ရုံးမှ ထောက်ခံအတည်ပြုပေးထားခြင်းမဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ၏ အမည်များကို မဖော်ပြခြင်းသည် လည်း သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

မျက်နှာဖုံးဓာတ်ပုံ – © မေကိုနိုင်/အိုင်အယ်လ်အို
ရုပ်ပုံထည့်သွင်းဖော်ပြခြင်း © RICE Communication Private Limited၊ ရန်ကုန်၊ မြန်မာ။
မြန်မာနိုင်ငံတွင်ပုံနှိပ်သည်။

# ကျေးဇူးတင်လွှာ

ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ခန်းစာများကို အိုင်အယ်လ်အိုမှ အကြံပေးပုဂ္ဂိုလ် Birgitte Krogh–Poulsen, မှ အသေးစိတ် ပြင်ဆင်ထားသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ ဝန်ထမ်းများဖြစ်ကြသော စီလင်းဘာနဲစာ (နည်းပညာအကြံပေးအရာရှိ)၊ လှဲ့ကေခိုင်၊ စောဆာကပေါ်၊ ခွန်ဆာမွန်းထွယ်၊ နော်မူးမူစိုး၊ ပီရာမာ(လ်)ပီချိုင်ဝန်း (ဒုတိယဆက်သွယ်ညှိနှိုင်းရေးအရာရှိ) နှင့်၊ အန်းဘွိုင် တို့မှ နည်းပညာအထောက်အပံ့ဖြင့် ပါဝင်ကူညီပေးထားကြသည်။

ဤထုတ်ဝေမှုကို အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန (USDOL) က ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက် အမှတ် IL–25263–14–75–K အရ "မြန်မာနိုင်ငံ ကလေးအလုပ်သမားအလုပ်သမားပပျောက်ရေး အစီအစဉ် (My–PEC)" (MMR/13/10/USA) ရန်ပုံငွေပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ My–PEC စီမံကိန်း၏ တစ်ရာ ရာခိုင်နှုန်းသော ကုန်ကျ စရိတ်များကို ပြည်ထောင်စုရန်ပုံငွေမှ အပြည့်အဝထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ (၉၁၅၀၀၀၀) ရှိပါသည်။ ဤထုတ်ဝေမှုကို "အာရှဒေသတွင်းကလေးအလုပ်သမားဆိုင်ရာ စီမံချက်"(ARC) (RAS/19/04/GBR)၊ အိုင်အယ်လ်အိုစီမံချက်မှတဆင့် ယူကေနိုင်ငံ အစိုးရ၊ Foreign Commonwealth and Development Office (FCDO)တို့မှ ပူးပေါင်းထောက်ပံ့ထားသည်။ ကျန်းမာရေး၊ အလုပ်သမားနှင့်ဖူလုံရေး ဝန်ကြီးဌာန၊ ဂျပန်အစိုးရ၏စီမံကိန်းဖြစ်သည့် "ပညာရေးထောက်ပံ့မှုဖြင့် ကလေးအလုပ်သမားလျှော့ချ ရရှိရေး– စိုက်ပျိုးရေးကဏ္ဍတွင် အဆိုးရွားဆုံးကလေး အလုပ်သမားပုံစံများ လျှော့ချရေးအစီအစဉ် (ARISE)" (RAS/19/07/JPN) မှလည်း ပူးပေါင်းထောက်ပံ့ထားပါသည်။

ဤထုတ်ဝေမှုသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များကို ထင်ဟပ်ဖော်ပြထားခြင်း မဟုတ်ဘဲ ထည့်သွင်းဖော်ပြထားသည့်  ကုန်သွယ်ရေးဆိုင်ရာ အမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းအမည်များသည်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ ထောက်ခံအတည်ပြုထားသော အမည်များကို ညွှန်းဆိုဖော်ပြထားခြင်းမဟုတ်ပါ။

# အကြောင်းအရာများ


## သင်ခန်းစာ ၁
သင်ဘာလုပ်မလဲ ........................................ ၁

## သင်ခန်းစာ ၂
လေ့လာရခြင်း၏ရည်ရွယ်ချက်များ ........................................ ၃

## သင်ခန်းစာ ၃
ကလေးအလုပ်သမားပပျောက်ရေး မဟာဗျူဟာများ ........................................ ၄

## သင်ခန်းစာ ၄
ဗဟုသုတများ ဖန်တီးခြင်း ........................................ ၇

## သင်ခန်းစာ ၅
ဆောင်ရွက်ရမည့်အပိုင်း ........................................ ၁၆

## သင်ခန်းစာ ၆
မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း ........................................ ၁၇

## သင်ခန်းစာ ၇
အနှစ်ချုပ် ........................................ ၁၉

## နောက်ဆက်တွဲ အဖြေများ ........................................ ၂၁

သင်ခန်းစာ ၁/၇

# ▶ သင်ဘာလုပ်မလဲ။

ဖိုးဝ၊ နီးနီး နဲ့ မိုဟာမက်တို့က သင့်ရဲ့အကူအညီကိုလိုအပ်နေပါတယ်။

သူတို့ရဲ့ပြဿနာတွေကို ဇာတ်လမ်းတွင် ဖတ်ကြည့်ပါ။






ဖိုးဝ၊ နိုးနိုး နှင့် မိုဟာမက်တို့ကို သင့်အနေဖြင့် တုံ့ပြန်နိုင်ပါသလား။

သင်ခန်းစာ ၂/၇

# လေ့လာခြင်း၏ရည်ရွယ်ချက်များ



နိုးနိုးရဲ့မေးခွန်းတွေက သင့်ရဲ့စိတ်ထဲမှာရှိထားပြီးသား ဖြစ်ကောင်းဖြစ်လိမ့်မယ်။ ဤသင်ခန်းစာမှာ ဒီမေးခွန်း တွေနဲ့ နောက်ထပ် မေးခွန်းတွေကိုဖြေနိုင်ဖို့ လိုအပ်တဲ့ အချက်အလက်တွေ ပေးထားပါလိမ့်မယ်။ ဒီအချက်တွေက သင့်ကို ကူညီပေးနိုင်မှာပါ။

- ကလေးအလုပ်သမားတွေကို ကာကွယ်ဖို့နဲ့ ကိုင်တွယ်ဖြေရှင်းဖို့ မည်သည့်တုံ့ပြန်မှုကိုမဆို မလုပ်ဆောင်ခင်မှာ အဓိကကျတဲ့ နည်းဗျူဟာတွေကို ခွဲခြားသတ်မှတ်ဖို့ လိုအပ်ပါတယ်။
- ကလေးအလုပ်သမားပပျောက်ဖို့အတွက် အကောင်းဆုံးနည်းဗျူဟာတွေအသုံးပြုနိုင်ဖို့ ခိုင်မာစိတ်ချရပြီး အချိန်နဲ့တစ်ပြေးညီဖြစ်တဲ့ အချက်အလက်တွေ ဒါမှမဟုတ် သက်သေအထောက်အထားတွေ လိုအပ်တာကို နားလည်ထားရပါမယ်။
- မတူညီသော အချက်အလက်စုဆောင်းနည်းများရဲ့ အားနည်းချက် ၊ အားသာချက်များကို ခွဲခြားသတ်မှတ်ရပါမယ်။
- အချက်အလက်များစုဆောင်းတဲ့အခါ အထူးသဖြင့် ကလေးတွေဆီက ယူတဲ့အခါမှာလိုအပ်တဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားမှုကို အသိအမှတ်ပြုရပါမယ်။

**မှတ်ချက်။** ယခု သင်ခန်းစာ ၂ တွင် အယူအဆများကို ကောင်းစွာနားလည်ရန် **သင်ခန်းစာ (၁) " ကလေးအလုပ်သမား အရေးကိစ္စက ဘယ်လောက်အရေးကြီးပါသလဲ "** ကို ပထမဆုံး ပြီးဆုံးအောင်လေ့လာဖို့ တိုက်တွန်းပါတယ်။

**စတင်လေ့လာဖို့အဆင်သင့်ဖြစ်နေပြီလား။**

သင်ခန်းစာ ၃/၇

# ကလေးအလုပ်သမားပပျောက်ရေး မဟာဗျူဟာများ

## မဟာဗျူဟာ သုံးခု

သင်ဆောင်ရွက်နိုင်သည့် လုပ်ဆောင်ချက်များကို မဟာဗျူဟာသုံးခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ခွဲခြားလုပ်ဆောင်နိုင်ပါတယ်။




၁။ ကလေးအလုပ်သမားများအား ကြိုတင်ကာကွယ်ခြင်း။




၂။ အလုပ်လုပ်နေသော ကလေးများအား ကာကွယ်ပေးခြင်း။




၃။ ပြန်လည်ပေါင်းစည်းရေးကို သေချာစေရန်ဆောင်ရွက်ပေးခြင်း။

# အချက်တစ်ခုချင်းစီရဲ့ အဓိပ္ပါယ်က ဘာလဲ

## ၁။ ကလေးအလုပ်သမားများအား ကြိုတင်ကာကွယ်ခြင်း။

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်ပါသည်။ ထို့ကြောင့် ပထမဆုံး မဟာဗျူဟာမှာ ကလေးအလုပ်သမားများကို အမြဲတမ်း ကြိုတင်ကာကွယ်ဖို့ ဖြစ်ပါသည်။ ကလေးအလုပ်သမားများကို ကြိုတင်ကာကွယ်ရန် မဟာဗျူဟာများသည် ကလေးများကို ကျောင်းတွင်ဆက်ရှိနေစေရန်နှင့် အန္တရာယ်ရှိသောအလုပ်များမလုပ်ကိုင်မိစေရန် ရည်ရွယ်ပါသည်။ ထိုအရာများကို မိတ်ဖက်အများအပြားနှင့်နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နိုင်ပါသည်။ သင်ဆောင်ရွက်နိုင်သည့် အကာအကွယ်ပေးနိုင်မည့် လုပ်ဆောင်မှုများကို အပြန်အလှန်ထောက်ပံ့ပေးသည့် ပေါင်းစပ် မဟာဗျူဟာ လေးခု အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ခွဲခြားနိုင်ပါသည်။

၁။ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်ကိုက်ညီသော **ဥပဒေများကို တိုးတက်စေခြင်း နှင့် ထောက်ခံအားပေးခြင်း**

၂။ ကလေးအားလုံးအတွက်အရည်အသွေးကောင်းမွန်ပြီးမသင်မနေရ အခမဲ့ပညာရေးစနစ်ကိုလက်လှမ်းမီနိုင်စေမည့် **ကျယ်ပြန့်ပြီး** ယေဘုယျဆန်သော အစီအစဉ်များ

၃။ မိဘများနှင့် အခြားတာဝန်ရှိသူများအကြား အသိပညာပေးမှုမြှင့်တင်သည့် **အစီအစဉ်များ**

၄။ အထူးသဖြင့် ကလေးအလုပ်သမားဖြစ်နိုင်ခြေများပြားသော အသိုက်အဝန်းများတွင် ဆင်းရဲမွဲတေမှုလျှော့ချရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို **အားပေးရန် ဆောင်ရွက်မှုများ**

၅။ ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ်များ အထူးသဖြင့် ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များကို **စီမံခန့်ခွဲမှုစွမ်းရည်တည်ဆောက်ပေးရန်နှင့် အသိပညာပေးမှုတိုးမြှင့်ပေးရန် အာရုံစိုက်လုပ်ဆောင်မှုများ** တို့ဖြစ်သည်။

## ၂။ အလုပ်လုပ်နေသည့် ကလေးအလုပ်သမားများအား ကာကွယ်ပေးခြင်း။

ဤနည်းဗျူဟာသည် အလုပ်လုပ်ရန် အနိမ့်ဆုံးအသက်အရွယ် ၁၄ နှစ်နှင့် အထက်ရှိသော အသက်အရွယ်ရှိ ကလေးများနှင့်သာ သက်ဆိုင်ပါသည်။ ဤကလေးများသည် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်တွင် လုပ်ကိုင်ခြင်း ၊ ၎င်းတို့၏ ပညာရေးအခွင့်အလမ်းချိုးဖောက်မှုများကို တားဆီးရန်လိုအပ်သည်။ အလုပ်လုပ်နေသောကလေးများကို ကာကွယ်ရန် မဟာဗျူဟာများတွင်

- **လုပ်ငန်းခွင်စစ်ဆေးခြင်း**နှင့် ဥပဒေသက်ဝင်စေခြင်း
- **အလုပ်ရှင်များအတွက် လေ့ကျင့်ပေးခြင်း**နှင့် လမ်းညွှန်ပေးခြင်း
- **နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်သင်ကြားခြင်း**၊ ပံ့ပိုးပေးခြင်း
- တရားဝင်အလုပ်လုပ်ကိုင်နေသည့် ကလေးများအား အန္တရာယ်များ ကြုံတွေ့ခံရနိုင်မှုမှ ကြိုတင်ကာကွယ်ရန် **ကျောင်းပြင်ပပညာရေး သင်ကြားပေးခြင်း**
- အလုပ်သမားဥပဒေများနှင့် ၎င်းတို့၏အခွင့်အရေးများအကြောင်းအား **အသိပညာပေးမှု**နှင့် ဗဟုသုတဖြန့်ဝေခြင်း
- အလုပ်ရှင်များ၏ သတ်မှတ်ထားသောလုပ်ငန်းခွင်စံနှုန်းများဖြစ်သည့် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ(TVET) နှင့် လုပ်ငန်းခွင်စစ်ဆေးခြင်း၊ **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက်** အသိပညာပေးခြင်းနှင့် အသက်သွင်းခြင်း
- **အလုပ်သမား သမဂ္ဂအဖွဲ့အစည်းများ**၏ စွမ်းဆောင်ရည်ကိုအရှိန်မြှင့်ခြင်း တို့ပါဝင်သည်။

## ၃။ ပြန်လည်ပေါင်းစည်းရေးကို သေချာအောင်ဆောင်ရွက်ပေးခြင်း။

တတိယနည်းဗျူဟာသည် အသက်ငယ်ရွယ်သော ကလေးများနှင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း (WFCL) အခြေအနေ ကြုံနေရသော ကလေးများနှင့် အဓိကသက်ဆိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကလေးများသည် ပြောင်းလဲ၍မရနိုင်ဘဲ လက်သင့်ခံနိုင်သည့် အခြေအနေတွင်မရှိသောကြောင့် ၎င်းတို့အား လက်ရှိ အခြေအနေမှ ရုန်းထွက်နိုင်ရေးအတွက် လုပ်ဆောင်ရန် နှင့် စာသင်ကျောင်းသို့ ပြန်လည်ပို့ဆောင်ရန် လိုအပ်သည်။ ကလေးများအား ပြန်လည်ပေါင်းစည်းရေးဆောင်ရွက်ရန် မဟာဗျူဟာများတွင် အဆင့်များစွာလိုအပ်ပါသည်။

၁။ ကလေးများကို ခွဲခြားသတ်မှတ်ပြီး ၎င်းတို့လုပ်ကိုင်နေရသည့် အနေအထားမှ ဖုံးကွယ်နေသည့် အခြေအနေများ ကို ရှာဖွေဖော်ထုတ်ခြင်း

၂။ အခြေအနေပေါ်မူတည်၍ သင့်လျော်သော ထောက်ပံ့မှုများကို ဆောင်ရွက်ပေးခြင်း။ ဥပမာ-

- ပညာသင်ကြားရေးထောက်ပံ့ပေးခြင်း။
- ပညာရေးဆိုင်ရာ အကြံပေးခြင်း။
- ကျန်းမာရေးနှင့် စိတ်ပိုင်း-လူမှုဆိုင်ရာထောက်ပံ့ကူညီခြင်း။
- ကလေးများ၏ ဝင်ငွေတွင် အစားထိုးရန် ဝင်ငွေရလမ်းကြောင်းတစ်ခုကို ထောက်ပံ့ပေးခြင်း။
- ကျောင်းပညာရေးသို့ တက်ရောက်နိုင်ရန်အတွက် လမ်းကြောင်းတစ်ခုအနေဖြင့် ကျောင်းပြင်ပပညာရေး သင်ကြားပေးခြင်း။
- အသက်အရွယ်ကြီးသည့် ကလေးများအတွက် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ လေ့ကျင့်သင်ကြားရေး(TVET)နှင့် ကျွမ်းကျင်မှု သင်တန်းများပေးခြင်း

၃။ ကလေးများသည် ကလေးအလုပ်သမားအဖြစ်မှလွတ်မြောက်ပြီး ရှင်သန်နိုင်စေရန်အတွက် ထိုကလေးများနှင့် ၎င်းတို့၏ မိဘများနှင့်အတူ နောက်ဆက်တွဲလုပ်ဆောင်ခြင်း

**မှတ်ချက်**။ ထိုကဲ့သို့ ဝန်ဆောင်မှုများ လုပ်ဆောင်ပေးရန်အတွက် ဆရာ / ဆရာမများ၊ လူမှုဝန်ထမ်းများနှင့် ကလေးများနှင့်တွဲဖက် အလုပ်လုပ်သော အခြားတာဝန်ရှိသူများ နှင့်အတူ စွမ်းရည်မြှင့်တင်မှု အစီအစဉ်များ လုပ်ဆောင်ရန် လိုအပ်သည်။ ဤသင်ခန်းစာ၏ အယူအဆများကို ကောင်းမွန်စွာ နားလည်စေရန် **သင်ခန်းစာ ၆ " အဆိုးရွားဆုံးပုံစံဖြင့် ကလေး အလုပ်သမားခိုင်းစေခြင်း (WFCL) ဖြစ်စဉ်များအတွက် ဖယ်ရှားခြင်းနှင့် ကုစားခြင်းများ "** ကို လေ့လာရန် တိုက်တွန်းပါသည်။

## လေ့လာမှုမှတ်တိုင်



နိုးနိုးရဲ့ကျောင်းအိမ်စာကို သင်မှတ်မိပါသလား။ အိမ်အကူလုပ်သားများအဖြစ်လုပ်ကိုင်နေရသော ကလေးများအတွက်ကူညီပေးရန် အကောင်းဆုံး ဆောင်ရွက်မှုများကို ၎င်းက မျှော်လင့်နေသည်။ ထိုကလေးများသည် အသက် ၁၀ နှစ် ဝန်းကျင်ဖြစ်ပြီး သူမနှင့် အသက်ရွယ်တူများဖြစ် ကြသည်။ မည်သည့်မဟာဗျူဟာကိုအသုံးပြုမည်ဟုဆုံးဖြတ်ခြင်းသည် အချက်အလက် များစွာပေါ်တွင် မူတည်ကြောင်း သင် သဘောပေါက်မိပေမည်ဖြစ်သည်။ နိုးနိုးကို သင် ကူညီနိုင်ပါသလား။

**အသက် ၁၀ နှစ်အရွယ်ကလေးများကို အိမ်အကူလုပ်သားအဖြစ်ခိုင်းစေသည့် ကလေးလုပ်သားဖြစ်စဉ်များကို ဖြေရှင်းရန် အကောင်းဆုံးမဟာဗျူဟာများကို သင်ရှာ ဖွေဖော်ထုတ်နိုင်ပါသလား။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ က — ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် အမြဲတမ်းအသုံးဝင်ပြီး ပိုမိုကောင်းမွန်သည်။ ပထမဆုံး မဟာဗျူဟာဖြစ်သော ကလေးအလုပ်သမားများကို ကြိုတင်ကာကွယ်ခြင်းက ယခုအခြေအနေနှင့် သက်ဆိုင်သည်။ ထိုကလေးများ၏မိဘများနှင့်၎င်းတို့၏အလုပ်ရှင်များအကြားကလေးအလုပ်သမား ခိုင်းစေခြင်းနှင့် ပတ်သက်၍ အသိပညာပေးမှု မြှင့်တင်ခြင်းကို အာရုံစိုက် လုပ်ဆောင်သည့် အစီအစဉ်ကို နိုးနိုးက အကြံပြုသင့်သည်။

☐ ခ — တတိယ မဟာဗျူဟာဖြစ်သော ပြန်လည်ပေါင်းစည်းရေးက ယခုအခြေအနေနှင့်သက်ဆိုင်ပါသည်။ အိမ်အကူအဖြစ်အလုပ်လုပ်ကိုင်နေသော ကလေးများသည် အလွန်ငယ်ရွယ်လွန်းသည်။ ၎င်းတို့ကို ကျောင်းသို့ ပြန်လည်ပို့ဆောင်ပြီး နှစ်သိမ့်ဆွေးနွေးရန် လိုအပ်ပါသည်။ ၎င်းတို့၏ မိဘများအား ဝင်ငွေအခြားရလမ်းများထောက်ပံ့ပေးရန်လည်း လိုအပ်ပါသည်။

☐ ဂ — ဒုတိယ မဟာဗျူဟာဖြစ်သော ကလေးအလုပ်သမားများအား ကာကွယ်ပေးခြင်းသည် ယခုအခြေအနေနှင့်သက်ဆိုင်ပါသည်။ အိမ်အကူအလုပ်သည် ကလေးများကို သီးသန့်ဖြစ်နေစေပြီး မတော်မတရားပြုခံရနိုင်သည့် အန္တရာယ်ရှိပါသည်။ ၎င်းတို့၏အလုပ်ရှင်များကို လေ့ကျင့်သင်ကြား ပေးသင့်ပါသည်။ကလေးများသည် အန္တရာယ်ကြုံတွေ့ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် ကျောင်းပြင်ပ ပညာရေး သင်ယူနိုင်ရန်လည်း လိုအပ်လိမ့်မည်ဖြစ်သည်။

**သင်က မှန်ကန်သောအရေးယူဆောင်မှုကို လုပ်ဆောင်နေသည်ဟု မည်သို့မည်ပုံသေချာစေပါသနည်း။**

သင်ခန်းစာ ၄/၇

# ဗဟုသုတများဖန်တီးခြင်း

## ဘာကြောင့်လိုအပ်သလဲ။

သင်က မှန်ကန်စွာလုပ်ဆောင်နေကြောင်းသေချာစေရန် သင့်တွင်အချက်အလက်များနှင့် ဗဟုသုတများ ကြွယ်ဝရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားနှင့် ပတ်သက်သော လက်ရှိအချက်အလက်များကို သင်မှတ်မိပါသလား။



မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားများနှင့်ပတ်သက်သော အချက်အလက်တစ်ခုမှာ ကလေးအလုပ်သမား အရေအတွက်သည် စိုက်ပျိုးရေးကဏ္ဍတွင် ၆၁ ရာခိုင်နှုန်းနှင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍတွင် ၁၂ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရသည်။

## သင်၏နောက်ထပ်လုပ်ဆောင်မှုက ဘာဖြစ်လာမလဲ။

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — သက်ရောက်မှုကြီးမားနိုင်သောကြောင့် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုအာရုံစိုက်သွားမည်။
- ☐ ခ — အခြားအကြောင်းအရာများ အမြဲတမ်းရှိနိုင်သေးသောကြောင့် အချက်အလက်များ ပိုမိုစုဆောင်းမည်။

**ကွဲပြားခြားနားသည့် အချက်အလက်စုဆောင်းခြင်းနည်းပညာများကို နားလည်ဖို့အသင့်ဖြစ်နေပါပြီလား။**

# ကိန်းဂဏန်း အခြေပြုစစ်တမ်းများ

ဤအချက်အလက်စုဆောင်းသည့်နည်းလမ်းသည် ဆုံးဖြတ်ချက်များချခြင်းနှင့် ဦးတည်ရာများခွဲခြားသတ်မှတ်ခြင်း (သို့မဟုတ်) ပုံစံများဖော်ထုတ်ခြင်း ကဲ့သို့သော သီးခြား လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် အသုံးဝင်သည်။ အရေအတွက်အခြေပြု စစ်တမ်းများသည် အချက်အလက်များနှိုင်းယှဉ်မှုနှင့် ခွဲခြမ်းစိတ်ဖြာမှုကိုလည်း လုပ်ခွင့်ပြုပါသည်။ ကိန်းဂဏန်းစာရင်းအင်း ဆိုင်ရာ စစ်တမ်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အချက်အလက်များကို မည်ကဲ့သို့ စုဆောင်းထားသည်ကို နားလည်ရန် အောက်ပါ ကတ်တစ်ခုစီကို ကြည့်ပါ။



အချက်အလက်စုဆောင်းခြင်းနည်းလမ်း

### ကိန်းဂဏန်း အခြေပြုစစ်တမ်းများသည်

- မတူညီသော အလုပ်အကိုင်အမျိုးမျိုးဖြင့် လုပ်ကိုင်နေရသော ကလေးအလုပ်သမားများ၊ အသက်အရွယ်၊ လိင် နှင့် တခြားသော လက္ခဏာရပ်များပါဝင်သည့် အဓိကကိန်းဂဏန်းများကို စုစည်းတင်ပြနိုင်သည်။
- ကလေးအလုပ်သမား၏ သဘာဝနှင့် အကြောင်းအရာတို့၏ အလုံးစုံကို ပြုစုရာတွင် အရေးပါသည်။

### ကိန်းဂဏန်း အခြေပြုစစ်တမ်းများသည် အောက်ပါအရာများတွင် အသုံးဝင်သည်။

- ကလေးအလုပ်သမားများ၏ပျံ့နှံ့ မှု၊ စရိုက်လက္ခဏာများနှင့် အဆုံးအဖြတ်ပေးသော (မကွယ်မဝှက်ထားသော) ပုံစံများနှင့် အချက်အလက်များစုဆောင်းရန် အသုံးပြုနိုင်ပါသည်။
- ၎င်းသည် စာရင်းအင်းအရလည်း ကိုယ်စားပြုနိုင်ပါသည်။



အကျိုးကျေးဇူးများ



ဆိုးကျိုးများ

### ကိန်းဂဏန်း အခြေပြုစစ်တမ်းများသည် အောက်ပါအားနည်းချက်များရှိသည်။

- ကလေးအလုပ်သမားများဖြစ်လာစေရန် တွန်းအားပေးသည့် အရာများအား အကြမ်းဖျင်း နားလည်စေရန်သာ အသုံးဝင်သည်။
- အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း ကိုရော ဖုံးကွယ်နေသော ကလေး အလုပ်သမား (ဥပမာ - ကလေးအိမ်အကူ) ကိုပါ ကူညီရန် လက်လှမ်းမမီပါ။

ဥပမာ

**အရေအတွက်၊ ကိန်းဂဏန်းအခြေပြု စစ်တမ်းများ၏ နမူနာတစ်ခုသည် လုပ်သားအင်အားစစ်တမ်းများ ဖြစ်သည်။**



# အရည်အသွေးအခြေပြုစစ်တမ်းများ

အရည်အသွေးအခြေပြု စစ်တမ်းများ၏ အကျိုးကျေးဇူးများနှင့် အချက်အလက်စုဆောင်းခြင်း နည်းလမ်းများအား နားလည်သည့်အချိန်တွင် သင်သည် ထိုနည်းလမ်းအား သင်လေ့လာခဲ့ပြီးသည့် အရေအတွက်အခြေပြု အချက်အလက် စစ်တမ်းများ နှင့် နှိုင်းယှဉ်ရန် တိုက်တွန်းလိုပါသည်။ ထိုနည်းလမ်းတွင် အချက်အလက်များ စုဆောင်းသည့်ပုံစံ၊ အကျိုးနှင့်အပြစ်များကို နားလည်စေရန် အောက်ပါကတ်တစ်ကတ်ချင်းစီကို ရွေးချယ်ကြည့်ရှုပါ။



အရည်အသွေးအခြေပြုစစ်တမ်းများတွင် အသေးစိတ်တွေ့ဆုံမေးမြန်းမှုများအား ရုပ်ရှာမြေပုံထုတ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ အဖွဲ့လိုက်ဆွေးနွေးမှုများအား အာရုံစိုက်ခြင်းကဲ့သို့ အခြားနည်းလမ်းများနှင့် အတူ ပိုမိုပါဝင်သောအခြားနည်းလမ်းများနှင့် ပေါင်းစပ်၍ အမြဲတမ်းအသုံးပြုသည်။

အချက်အလက်စုဆောင်းခြင်းနည်းလမ်း

**အရည်အသွေးအခြေပြုစစ်တမ်းသည် အောက်ပါအချက်များကြောင့် အကျိုးကျေးဇူးများရှိပါသည်။**

- အသေးစိတ်စုံစမ်းမေးမြန်းခြင်းများကို ခွင့်ပြုသည်။
- အရေအတွက်အခြေပြုစစ်တမ်းများမှတစ်ဆင့် လုံလုံလောက်လောက်နားလည်နိုင်ခြင်းမရှိသော အတွေ့အကြုံများ၊ အတွေးအမြင်များနှင့် အလေ့အထများကို ထိုးထွင်းသိမြင်နိုင်ရန် ပူးပေါင်းပါဝင်သူများကို အထောက်အကူပေးသည်။



အကျိုးကျေးဇူးများ

**အရည်အသွေးအခြေပြုစစ်တမ်းများသည် အောက်ပါအချက်များကဲ့သို့ အားနည်းချက်များရှိပါသည်။**



ဆိုးကျိုးများ

- WFCL ကဲ့သို့သော ထိခိုက်လွယ်သည့်အကြောင်းအရာများကို အသေးစိတ်မျှဝေသည့်အခါ စစ်တမ်း ကောက်ယူသူကို ယုံကြည်သော စစ်တမ်းဖြေဆိုသူဦးတည်အုပ်စုများစသည်တို့ အပေါ် မှီခိုရသောကြောင့် အင်တာဗျူးအတွက် အချိန်များစွာအသုံးပြုရသည်။
- ကလေးအလုပ်သမားနှင့်ပတ်သက်သော ဖြစ်စဉ်အချို့သည် အလွန်အမင်းထိရှလွယ်ပြီး အကြောင်းအရာ တချို့နှင့်ဆက်စပ်နေကာ ထိခိုက်ခံစားခဲ့ရသူများ၊ သို့မဟုတ် မိသားစုဝင်များက အထူးသဖြင့် အစုအဖွဲ့ထဲတွင် ယင်းကိစ္စအား ထုတ်ဖော်ပြောကြားရန် ဆန္ဒရှိဖွယ် မရှိချေ။
- ထုတ်ဖော်ပြောကြားသူအား စိတ်ဒဏ်ရာဖြစ်နိုင်ချေရှိသော အမှတ်တရများမှ ရှောင်လွှဲနိုင်ရန် ထောက်ပံ့မှု သို့မဟုတ် နောက်ဆက်တွဲများ လိုအပ်သည့် အမှတ်ရစရာများနှင့် အတွေ့အကြုံ များကို ပြန်လည်ဖြစ်ပေါ် စေနိုင်သည်။
- အချိန်အလွန်အမင်းကုန်နိုင်သည်။
- အဖွင့်မေးခွန်းများ၏တုံ့ပြန်ချက်များကို ခွဲခြမ်းစိတ်ဖြာရန် ခက်ခဲနိုင်သည်။

ဥပမာ

ထိုနည်းလမ်း၏ ဥပမာတစ်ခုမှာ မန္တလေးမြို့ရှိ ရွေးချယ်ထားသော ရပ်ရွာများတွင် ကလေးအလုပ်သမားဖြစ်စေရန်တွန်းပို့သည့် ငုပ်လျှိုးနေသော အကြောင်းအရာများကို လေ့လာမှုတစ်ခုကဲ့သို့ တိုက်ရိုက်သက်ရောက်မှုခံစားရသော ရပ်ရွာအဆင့် သုတေသန တစ်ခုဖြစ်သည်။ မန္တလေးတွင်ပြုလုပ်သော ထိုလေ့လာမှုသည် မြန်မာနိုင်ငံရှိမြို့ကြီးအားလုံးနှင့် ထပ်တူညီသည်ဟု ယေဘူယျအားဖြင့် မဆိုနိုင်သော်လည်း ထိုလေ့လာမှုမှ အချက်အလက်အများစုသည် ရန်ကုန် သို့မဟုတ် အခြားမြို့ကြီးများမှ အလားတူရပ်ရွာအဆင့်များတွင် ကလေးအလုပ်သမားဖြစ်စေရန် တွန်းပို့သည်ငုပ်လျှိုးနေသော အကြောင်းအရာများအတွက် ထောက်ရှုစရာများ ပေးနိုင်သည်။



# ရောနှောထားသောနည်းလမ်းများ

တစ်ခုချင်းလေ့လာမှုတွင် အမည်ပေးထားသည့်အတိုင်း ရောနှောထားသော နည်းလမ်းများဆိုသည်မှာ ကွဲပြားသော နည်းလမ်းအမျိုးမျိုးကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။

ရောနှောထားသောနည်းလမ်းချဉ်းကပ်မှုကို အသုံးပြု၍ အချက်အလက်များကို မည်ကဲ့သို့စုဆောင်းသည်ကို နားလည်ရန်နှင့် ထိုချဉ်းကပ်မှု၏ အကျိုးကျေးဇူးများအား နားလည်ရန်အတွက် အောက်ပါကတ်တစ်ခုချင်းစီကို ကြည့်ပါ။



အချက်အလက်စုဆောင်းခြင်းနည်းလမ်း

ရောနှောထားသောနည်းလမ်း နမူနာတစ်ခုဆိုသည်မှာ နက်ရှိုင်းသော တွေ့ဆုံမေးမြန်းခြင်းများ သို့မဟုတ် အဖွဲ့လိုက် ဆွေးနွေးခြင်းများကဲ့သို့ ဝိသေသအခြေပြု စစ်တမ်း နှင့် ကိန်းဂဏန်းများအခြေပြု စစ်တမ်းကောက်ယူ နည်းစနစ်များကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ရောနှောထားသော နည်းလမ်းများကို ကဏ္ဍတစ်ခုတွင် ကလေးအလုပ်သမားများ၏ သဘောသဘာဝနှင့် အတိုင်းအဆကို နက်နက်ရှိုင်းရှိုင်း သုတေသနပြု ထားသည့် ကဏ္ဍအလိုက်လေ့လာမှုများတွင် အမြဲတမ်းအသုံးပြုသော အချက်အလက် စုဆောင်းသည့် စနစ်သည် ကလေးအလုပ်သမားအဖြစ် တွန်းပို့သည့် အခြေခံအကြောင်းအရင်းများ၊ ကလေးများ၏ အတွေ့အကြုံ များ၊ ကလေးအလုပ်သမားများ၏ အသိအမြင်များနှင့် စစ်တမ်းများတွင် သုတေသနပြုရန် ခက်ခဲသော အခြားအကြောင်းအရာများကို အခြေခံသည်။

**ရောနှောထားသော နည်းလမ်းများသည် အောက်ပါအကြောင်းအရာများအတွက် အကျိုးကျေးဇူးများ ရှိသည်။**

- သတ်မှတ်ထားသော စိုက်ပျိုးရေး ကဏ္ဍတစ်ခု သို့မဟုတ် အိမ်အကူ အလုပ်ကဲ့သို့ ဖုံးကွယ်ခံထားရသည့် ကလေးအလုပ်သမား ပုံစံတစ်ခုကို ထဲထဲဝင်ဝင် သုတေသနပြုခြင်း။
- အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်းအား သုတေသနပြုခြင်း။
- သက်သေအထောက်အထားကို အလျင်အမြန် ဖော်ထုတ်ပြီး ဦးစားပေး နယ်ပယ်တစ်ခုအား အလျင်အမြန် အကဲဖြတ်ရာမှာ အသုံးပြုနိုင်ပါသည်။ ကလေးအလုပ်သမားပပျောက်ရန် အရေးပေါ် ပုံသေနည်းထုတ်ရန်နှင့် မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်းတို့ လိုအပ်သည်။



အကျိုးကျေးဇူးများ

ဥပမာ

ရောနှောထားသောနည်းလမ်းများ၏ ချဉ်းကပ်နည်း ဥပမာတစ်ခုမှာ – **အသိပညာ ၊ သဘောထားခံယူချက်များနှင့် အလေ့အထကျင့်သုံးမှုများ (KAP) စစ်တမ်း** ဖြစ်သည်။



## လေ့လာမှုမှတ်တိုင်

**ကိန်းဂဏန်းစာရင်းအင်းစစ်တမ်းနည်းစနစ်ကို အသုံးပြုခြင်းတွင် အောက်ပါတို့ထဲမှ မည်သည့်အရာများ မှန်ကန်သနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ က — အိမ်ထောင်စုတစ်စုတွင် ကလေးအလုပ်သမားနှင့်ပတ်သက်၍ အလေ့အထများရှိကြောင်းကို ထုတ်ဖော်ပြောနိုင်ခြေမရှိသော အိမ်ထောင်ဦးစီးများထံမှ တုံ့ပြန်မှုများကို အခြေခံထားသောကြောင့် ကိန်းဂဏန်းအခြေပြု စစ်တမ်းများသည် ဖုံးကွယ်ထားခြင်း သို့မဟုတ် တရားမဝင်မဟုတ်သော ကလေးအလုပ်သမားပုံစံများနှင့် အကောင်းဆုံးကိုက်ညီသည်။

☐ ခ — ကိန်းဂဏန်းအခြေပြု စစ်တမ်းသည် အလွန်အမင်းရှုပ်ထွေးသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အများအားဖြင့် အမျိုးသားစာရင်းအင်းဌာနနှင့် အလားတူအဖွဲ့အစည်းများတွင်သာရှိသော အထူးပြုစာရင်းအင်းဆိုင်ရာ ဗဟုသုတများလိုအပ်သည်။

☐ ဂ — ကိန်းဂဏန်းအခြေပြု စစ်တမ်းများသည် ကလေးအလုပ်သမားများ၏ပျံ့နှံ့ မှု၊ စရိုက်လက္ခဏာများနှင့် အဆုံးအဖြတ်ပေးသော (မကွယ်မဝှက်ထားသော) ပုံစံများနှင့်ပတ်သက်၍ အချက်အလက်များစုဆောင်းရာတွင် အသုံးပြုနိုင်ပါသည်။

## အရည်အသွေးပေါ်မူတည် နိုင်းယှဉ်သုံးသပ်ခြင်း

အရည်အသွေးဆိုင်ရာ နှိုင်းယှဉ်ခွဲခြမ်းစိတ်ဖြာမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အချက်အလက်များကို မည်ကဲ့သို့ စုဆောင်းထားသည်ကို နားလည်ရန် အောက်ပါကတ်တစ်ခုစီကို ကြည့်ပါ။



အချက်အလက်စုဆောင်းခြင်းနည်းလမ်း

မူဝါဒ သို့မဟုတ် ဥပဒေကြောင်းဆိုင်ရာ လေ့လာသုံးသပ်မှုကဲ့သို့သော အရည်အသွေးပေါ်မူတည်၍ နှိုင်းယှဉ်လေ့လာသုံးသပ်မှုသည် ကလေးအလုပ်သမားနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်မှု၊ မူဝါဒများနှင့် အစီအစဉ်များအတွက် အကြံပြုချက်များပေးရန် စာရင်းအင်းဆိုင်ရာစစ်တမ်းများ၊ ရောနှောထားသော နည်းလမ်းများနှင့် အရည်အသွေးဆိုင်ရာ သုတေသနများမှ ရှိနှင့်ပြီးသား အထောက်အထားများကို ပြန်လည်သုံးသပ်သည့် အထူးပြုလေ့လာသုံးသပ်မှုတစ်ခုဖြစ်သည်။ ယင်းသုတေသနတွင် ကွင်းဆင်းလုပ်ဆောင်မှုများပါဝင်လျှင် ယင်းသည် ပုံမှန်အားဖြင့် အဓိကကျသော ပါဝင်ပတ်သက်သူများ (ဥပမာ – အစိုးရကိုယ်စားလှယ်များ၊ အလုပ်သမားနှင့် အလုပ်ရှင်များဆိုင်ရာ အဖွဲ့အစည်းများနှင့် NGO များ) နှင့် လူတွေ့မေးမြန်းမှုများနှင့် အခြားအကြံပြုဆွေးနွေးမှုပုံစံများ ပါဝင်လိမ့်မည်ဖြစ်သည်။ ထိုသုတေသနလုပ်ငန်းစဉ်တွင် ကလေးအလုပ်သမားပပျောက်စေရန် လိုအပ်သော တုံ့ပြန်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ကလေးများနှင့် လူငယ်များထံမှ ၎င်းတို့၏သဘောထားအမြင်များကိုရရှိရန် အကြံပြုဆွေးနွေးမှုများလည်း ပါဝင်ဖွယ်ရှိသည်။

အရည်အသွေးဆိုင်ရာ နှိုင်းယှဉ်ခွဲခြမ်းစိတ်ဖြာမှု၏ အားသာချက်မှာ ၎င်းတို့သည် သင့်အား ရှိပြီးသား အထောက်အထားများကို အတော်လေးရိုးရှင်းပြီး စျေးမကြီးသောနည်းလမ်းဖြင့် စုစည်းခွဲခြမ်းစိတ်ဖြာနိုင်စေခြင်းဖြစ်ပါသည်။



အကျိုးကျေးဇူးများ



ဆိုးကျိုးများ

အရည်အသွေးဆိုင်ရာ နှိုင်းယှဉ်လေ့လာသုံးသပ်မှုသည် ကလေးအလုပ်သမားဆိုင်ရာ သဘောသဘာဝနှင့် အတိုင်းအဆအတွက် အချက်အလက်သစ် သို့မဟုတ် အခြားအသေးစိတ်အချက်အလက်များအား ပုံမှန်အားဖြင့် ထွက်ပေါ်လေ့မရှိသည့် လေ့လာမှုပုံစံအမျိုးအစားဖြစ်သည်။

ဥပမာ

ဤနည်းလမ်း၏ ဥပမာတစ်ခုမှာ **မူဝါဒဆန်းစစ်ခြင်း** ဖြစ်သည်။



## သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ်များ

သတင်းအချက်များစီမံခန့်ခွဲမှု (MIS) တွင် အချက်အလက်စုဆောင်းပုံ၊စနစ်တကျဖွဲ့စည်းပုံနှင့် ထိုစနစ်များ၏ အကျိုးကျေးဇူးများနှင့် အားနည်းချက်များအား နားလည်စေရန် အောက်တွင်ဖော်ပြထားသည့် ကတ်တစ်ခုချင်းစီကို ကြည့်ပါ။



အချက်အလက်စုဆောင်းခြင်းနည်းလမ်း

မတူညီသော သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်များသည် ကလေးအလုပ်သမားများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းသိမ်းဆည်းအသုံးချနိုင်သည်။ လျှို့ဝှက်ပုံစံဖြင့် စုဆောင်းပြီးလေ့လာသုံးသပ်နိုင်သည့် ထိုအချက်အလက်များသည် ဥပမာအားဖြင့်..

- သတ်မှတ်ထားသော နေရာဒေသများတွင် နောက်ထပ်ကလေးများအား ကလေးအလုပ်သမားများအဖြစ် ဖော်ထုတ်နိုင်ခြင်းရှိမရှိ ပုံရိပ်တစ်ခုဖြစ်သည်။
- ယောကျ်ားလေးနှင့် မိန်းကလေးမည်မျှအား ကလေးအလုပ်သမားများအဖြစ် ဖော်ထုတ်နိုင်ပြီး ထိုဖော်ထုတ်ခံရသည့်ကလေးများသည် အထူးပြုဖော်ပြသော ကဏ္ဍများ သို့မဟုတ် လုပ်ငန်းများ စသည်တို့တွင် လုပ်ကိုင်ရန်ဆန္ဒရှိမရှိကို သိရှိနိုင်သည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစနစ်များ ၊ အလုပ်သမားစစ်ဆေးရေးစနစ်များ ၊ ကလေးအလုပ်သမားစောင့်ကြည့်ရေးစနစ်များ၊ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်များ စသည်တို့မှ အချက်အလက်များသည် တန်ဖိုးရှိသောအချက်အလက်များကို ပေးနိုင်ဆဲဖြစ်သည်။အချက်အလက်များကို စုဆောင်းသိမ်းဆည်းထားပြီးဖြစ်သောကြောင့် အဆိုပါအချက်အလက်များမှထုတ်ပေးသော ကလေးလုပ်သားပုံလွှာအား အချိန်နှင့်အမျှ အလွယ်တကူ မွမ်းမံပြင်ဆင်နိုင်ပါသည်။



အကျိုးကျေးဇူးများ



ဆိုးကျိုးများ

သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်များအား ထူထောင်ခြင်းသည် ရှုပ်ထွေးနိုင်ပြီး အရင်းအမြစ်များ လိုအပ်ချက်များပြားခြင်းကြောင့် အချက်အလက်များမရရှိနိုင်မီ(ရန်ပုံငွေနှင့်ကြိုးပမ်းအားထုတ်မှုအပြင်) အချိန်ယူရဖွယ်ရှိနိုင်သည်။

ဥပမာ

ဤသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်၏ဥပမာတစ်ခုမှာ **ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လေ့လာစောင့်ကြည့်ရေးစနစ်** ဖြစ်သည်။

**မှတ်ချက်။** ဤသင်ခန်းစာသည် အချက်အလက်စုဆောင်းခြင်းနည်းလမ်းများအား ယေဘုယျခြုံ ငုံသုံးသပ်ချက်ကိုသာ ပေးရန်ရည်ရွယ်ပြီး ပြည့်စုံကျယ်ပြန့်ခြင်းမရှိပါ။ ထိုနည်းလမ်းတွင် မဆွေးနွေးထားသော ကွဲပြားသော လုပ်ဆောင်ချက်များရှိပြီး ၎င်းတို့၏ အထူးပြုအားသာချက်၊ အားနည်းချက်များသည် ၎င်းတို့အသုံးပြုသော အထူးပြုလုပ်ဆောင်ချက်နှင့်ဆက်နွှယ်သည်။

## လေ့လာမှုမှတ်တိုင်

**အောက်ဖော်ပြပါအရာများထဲမှ မည်သည့်အရာသည် မှန်ကန်သည့် အရည်အသွေးဆိုင်ရာ နိုင်းယှဉ်ဆန်းစစ်မှုဖြစ်ပါသနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- [ ] က — နိူင်းယှဉ် လေ့လာသုံးသပ်မှုအား ပုံမှန်အားဖြင့် အမျိုးသားစာရင်းဇယားရုံးများနှင့် အလားတူအဖွဲ့ အစည်းများတွင်သာ အသုံးပြုသည်။
- [ ] ခ — နိူင်းယှဉ်လေ့လာသုံးသပ်မှုသည် စစ်တမ်းတစ်ခုအဖြစ် စာရင်းအင်းဆိုင်ရာ ခိုင်မာမှုရှိမည်ဖြစ်သည်။
- [ ] ဂ — နိူင်းယှဉ်လေ့လာသုံးသပ်မှုသည် အထောက်အထားအခြေပြု၍ တုံ့ပြန်ဆောင်ရွက်မှု မဟာဗျူဟာများ အတွက် အကြံပြုချက်များပေးရန် ရှိနှင့်ပြီးသားအထောက်အထားများကို စုဆောင်းပြီး သုံးသပ် မည်ဖြစ်သည်။



# ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ

ကလေးအလုပ်သမားနှင့် ပတ်သက်၍ သုတေသနပြုလုပ်သည့်အခါ အထူးသဖြင့် ကလေးများနှင့် လူငယ်များနှင့် တိုက်ရိုက်သုတေသန (ဥပမာ– ကဏ္ဍ အလိုက်လေ့လာမှုများ သို့မဟုတ် အရည်အသွေးမီသော ထဲထဲဝင်ဝင်လေ့လာမှု) များ ပြုလုပ်သည့်အခါ ကျင့်ဝတ်ပိုင်းဆိုင်ရာ ကိစ္စများကို ထည့်သွင်းစဉ်းစားပြီး ဖြေရှင်းရသည်။
ကလေးများနှင့်အတူ အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ သုတေသနနစ်ခုစလုံးကို ပြုလုပ်သည့်အခါ အဓိကဖြေရှင်းရန် လိုအပ်သည့် အဓိကပြဿနာ များကို အကျဉ်းချုပ်ဖော်ပြသည့် အောက်ဖော်ပြပါအချက်များကို ဖတ်ရှုပါ။

**အချက် ၁ – သုတေသနရည်မှန်းချက်များအတွက် ကလေးများကို ချဉ်းကပ်ခြင်း** – အသိပေးပြီးပါဝင်ရန် လိုအပ်သည့် အဓိကတာဝန်ရှိသူတွေက ဘယ်သူတွေလဲ။ ကလေးများနှင့် သုတေသနပြုလုပ်ရာတွင် သုတေသနပညာရှင်များက မည်သို့သော တရားဝင်ခွင့်ပြုချက်များလိုအပ်သလဲ။ သုတေသနပြုခြင်းသည် စေတနာသဒ္ဒါထက်သန်မှု၏ အခြေခံမူများနှင့် မကောင်းမှုပြုလုပ်ခြင်းမဟုတ်ပါ။ ဆိုလိုသည်မှာ သုတေသနသည် အခြားသူများကို ထိခိုက်မှုမရှိစေဘဲ အထောက်အကူဖြစ်သင့်သည်။

**အချက် ၂ – သုတေသနတွင်ပါဝင်သော ကလေးများအပြင် ၎င်းတို့၏ အုပ်ထိန်းသူများ (အခြားတာဝန်ရှိသူများ) ထံမှ အသိပေး၍သဘောတူညီချက်ရယူခြင်း။** ယင်းသည် သုတေသနရည်မှန်းချက်၊ လုပ်ငန်းစဉ်စသည်တို့ကို ကလေးများအတွက် ကွဲပြားသောအသက်အရွယ် အုပ်စုများကို နားလည်သဘောပေါက်စေသည့် နည်းလမ်းကို ရှင်းရှင်းလင်းလင်းဖြစ်စေသည်။

**အချက် ၃ – အမည်မဖော်ခြင်း ၊ လျှို့ဝှက်ခြင်းနှင့် သတင်းအချက်အလက်ကာကွယ်စောင့်ရှောက်ခြင်းတို့ကို သေချာစေခြင်း။** သုတေသနပြုရာတွင် လူကြီးများ နည်းတူ ကလေးများ သည်လည်း အမည်မဖော်ရန်နှင့် သုတေသနမှ အချိန်မရွေး နုတ်ထွက်ရန် အခွင့်အရေးရှိသည်။ သုတေသီများသည် ရရှိထားသော သတင်း အချက်အလက်များ ကို လျှို့ဝှက်ထားရန် တာဝန်ရှိသည်။ အချို့သော ကလေးအလုပ်သမားများအား ဆိုးရွားစွာခိုင်းစေခြင်းဖြစ်စဉ်အချို့သည် တရားမဝင်လုပ် ရပ်များနှင့် ဆက်စပ် နေဖွယ်ရှိပြီး ယင်းဖြစ်စဉ်အတွက် ကလေးအား အာဏာပိုင်များထံ အကြောင်းကြားရန်အတွက် သုတေသနလုပ်ဆောင်နေသူများတွင် တာဝန်ရှိသည်။ ယင်းကြောင့် ထိခိုက်မှုမရှိစေရေးမူကို အသားပေးသင့်သည်။ သို့သော် ထိခိုက်မှုမရှိစေရေးကို အလေးပေးဆောင်ရွက်ရမည်။ကလေးများအား အလွဲသုံးစားလုပ်မှုနှင့် ခေါင်းပုံဖြတ်ခံရခြင်းမှ အကာအကွယ်ပေးပိုင်ခွင့်ရှိသည်၊ ထို့ကြောင့် သုတေသနအဖွဲ့သည် ကလေးသူငယ်၏လုံခြုံမှုအတွက် စိုးရိမ်စရာအ ချက်အလက်များကို ပြောပြလာပါက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများအတွက် ကလေးတစ်ဦးကို ရည်ညွှန်းခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများ ရှိရပါမည်။
ဥပမာအားဖြင့်၊ အချို့သော WFCL များသည် တရားမဝင်လုပ်ဆောင်မှုများနှင့် ဆက်စပ်နေနိုင်ပြီး၊ သုတေသနအတွက် ကလေး၏ကိုယ်ပိုင်ဘေးကင်းမှုအတွက် အာဏာပိုင်များထံသို့ ကလေးအား အစီရင်ခံရန် တာဝန်ရှိနိုင်ပါသည်။ ယင်းသည် ၎င်းတို့ အမည်ဝှက်ပိုင်ခွင့်ကို ဖောက်ဖျက်ခြင်းဟု ကလေးများ နားလည် ထားရပါမည်။

**အချက် ၄ – ပူးပေါင်းပါဝင်သုတေသန၏ အလေ့အထများသည် အင်အားမညီမျှမှုကိုဖြေရှင်းရန်နှင့် သုတေသနတွင် ကလေးများပါဝင်ရန်နည်းလမ်းတစ်ခုအဖြစ် အမြဲတမ်းရှုမြင်ခံရသည်။** မည်သို့ပင်ဆိုစေကာမူ ထိုကဲ့သို့ဖြစ်ကောင်းဖြစ်နိုင်သော်လည်း သုတေသီများသည် ၎င်းတို့၏နည်းလမ်းများက သင့်လျော်မှုရှိရန်နှင့် အထူးပြုသုတေသနအကြောင်းအရာသည် ကလေးများနှင့်ကျွမ်းဝင်မှုရှိစေရန် ချင့်တွက်နေရမည်။ ကလေးအလုပ်သမားနှင့် ကိုက်ညီစေရန် လုပ်ဆောင်ထား သော ကျင့်ဝတ်ပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ တိုးတက်စေရန်အတွက် အရေးပါမှုကို အာရုံစိုက်သင့်သည်။ ဥပမာအားဖြင့် ကလေးတစ်ဦးက အကူအညီ တောင်းခံလာလျှင် လူတွေ့မေးမြန်းသူအား မည်သို့လုပ်ဆောင်ရမည်ကို လမ်းညွှန်ချက်များပေးရမည်။

**အချက် ၅ – မျက်မြင်အချက်အလက်များ (ဥပမာ – သုတေသနအစီအစဉ်များမှ ရုပ်ပုံများနှင့် ဗီဒီယိုများ) အား အခြားမည်သည့် သတင်းအချက်အလက်များ ကဲ့သို့ပင် အမည်မဖော်ခြင်းနှင့် လျှို့ဝှက်ထားခြင်းဟူသော** တူညီသောမူများကို လိုက်နာသင့်ပြီး ထိုမျက်မြင်အချက်အလက်များအား စုဆောင်းပြီး အသုံးပြု မည်ဆိုပါက ကလေးများနှင့် ၎င်းတို့၏အုပ်ထိန်းသူများထံ အသိပေးပြီး သဘောတူညီချက်တောင်းခံရမည်။

**အချက် ၆ – သုတေသနတွင် ကလေးများပါဝင်မှုနှင့် ပတ်သက်၍ ၎င်းတို့အား အချို့သောအခြေအနေများအတွက် ပူးပေါင်းပါဝင်ကြေး ပေးသင့် မပေးသင့် ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။** ဥပမာအားဖြင့် ကလေးအလုပ်သမား ကိစ္စအား သုတေသနပြုလုပ်ချိန်တွင် ကလေးများသည် ထိုသုတေသနတွင် ပါဝင်ရန် ၎င်းတို့၏ဝင်ငွေကို စွန့်လွှတ်ရဖွယ် ရှိသောကြောင့်ဖြစ်သည်။

**အချက် ၇ – သုတေသနတွေ့ရှိချက်များကို** ဖြန့်ဝေရာတွင် ထိုသုတေသနတွင်ပါဝင်ပြီး ၎င်းတို့၏အချိန် နှင့် သတင်းအချက်အလက်များကို မိမိတို့ဆန္ဒအလျောက် ပါဝင်ပေးခဲ့ကြသည့်သူများကို အမြဲတမ်းဖြန့်ဝေပေးသင့်သည်။



## လေ့လာမှုမှတ်တိုင်

ဝင်းသည် အသက် ၁၉ နှစ်ရှိပြီး အထည်ချုပ်စက်ရုံတစ်ရုံတွင် အလုပ်သမားတစ်ဦးအဖြစ် အလုပ်လုပ်ခဲ့သည်။ သူသည် ညဘက်တွင်လည်း ပင်ပင်ပန်းပန်းလုပ်ကိုင်ရပြီး ကြမ်းပြင်ပေါ်တွင် အိပ်စက်ခဲ့ရသည်။ သူသည် UNICEF တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံခဲ့ပြီး ကလေးအလုပ်သမားနှင့်ပတ်သက်၍ ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးရန် လိုလားနေသည်။ ဝင်းသည် ကလေးအလုပ်သမားတိုက်ဖျက်ရေးနှင့်ပတ်သက်သော သုတေသနတွင် ပါဝင်ရန် ဆန္ဒရှိနေပြီး ကလေးအလုပ်သမားထုက သိသင့်သော ကျင့်ဝတ်ပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို နားလည်လိုသည်။ ဝင်းအား ကျွန်ုပ်တို့ ကူညီနိုင်ခြင်းရှိမရှိ စောင့်ကြည့်ကြပါစို့။

**ကလေးအလုပ်သမားနှင့် ပတ်သက်၍ သုတေသန လုပ်ဆောင်ချိန်တွင် မရှိမဖြစ်အရေးပါသော ကျင့်ဝတ်ပိုင်းဆိုင်ရာ ကိစ္စများအား မည်သို့သွင်းစဉ်းစားရန်နှင့် ဖြေရှင်းရန်ဖော်ထုတ်ပါ။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ **က** သုတေသနတစ်ခုကို စတင်လုပ်ဆောင်ရာတွင် ပထမဆုံးမေးရမည့်မေးခွန်းမှာ "သုတေသနစီမံကိန်းအတွက် မည်သူက အဓိကတာဝန်ရှိသူဖြစ်သနည်း" ဖြစ်သည်။ စာသင်ကျောင်း သို့မဟုတ် ကလေးစောင့်ရှောက်ရေးဂေဟာကို မေးမြန်းမည်လား။ မိဘများ၊ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးတာဝန်ရှိသူများကို မေးမြန်းမည်လား။

☐ **ခ** ကလေးများ ၊ လူငယ်များ စသဖြင့် မည်သူနှင့်မဆို သုတေသနပြုရာတွင် ၎င်းတို့၏ သဘောတူညီမှုရယူရန်လိုအပ်သည်။

☐ **ဂ** သုတေသနများအား ထုတ်ပြန်ရာတွင် ပါဝင်သူများအား အမည်မဖော်ခြင်းအတွက် အကြောင်းပြချက်များကို ၎င်းတို့၏ ကိုယ်ပိုင်အမည်များ အသုံးပြုရန် တစ်ခါတရံဆန္ဒရှိဖွယ်ရှိသော ကလေးများအား ရှင်းပြရန်မလိုအပ်ပေ။

သင်ခန်းစာ ၅/၇

# ▶ ဆောင်ရွက်ရမည့်အပိုင်း

ဆောင်ရွက်ရမည့်အပိုင်းအတွက် အောက်ပါကဏ္ဍတစ်ခုစီကိုဖတ်ရှုပါ။

**မူဝါဒဖော်ထုတ်ရေး**

- အချက်အလက်များခိုင်မာအားကောင်းပါက လွယ်ကူရှင်းလင်းပြီးထိရောက်သော မူဝါဒဆိုင်ရာ တုံ့ပြန်ဆောင်ရွက် ချက်များကိုရေးဆွဲရာတွင် ပိုမိုလွယ်ကူစေသည်။
- ကလေးအလုပ်သမားဆိုင်ရာမူဝါဒနှင့်/ သို့မဟုတ် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ရေးဆွဲရာတွင် ပထမ အဆင့်မှာ အမျိုးသားအဆင့် စစ်တမ်းက ထောက်ကူပေးထားသည့် အခြေအနေအကဲဖြတ်လေ့လာချက်ဖြစ်သည်။
- ၂၀၂၅ ခုနှစ်မတိုင်မီ ကလေးအလုပ်သမားပပျောက်ရန် တုံ့ပြန်ဆောင်ရွက်မှုများ လိုအပ်သည်။

**အစီအစဉ်ချမှတ်ခြင်းနှင့် ပရိုဂရမ်ရေးဆွဲခြင်း**

- စီစဉ်ထားသည့်အပေါ်မူတည်၍ အရင်းအမြစ်မျိုးစုံမှ အချက်အလက်နှင့် အသိပညာများ စုဆောင်းရန်အတွက် အစီအစဉ်နှင့် ပရိုဂရမ်ကို ရေးဆွဲပါ။
- တိုးတက်မှုများအားတိုင်းတာရန်အတွက် အခြေခံအချက်များကို ထူထောင်ခြင်းသည် အသုံးဝင်မည်ဖြစ်သည်။ ဤအခြေခံအချက်ကို နည်းလမ်းများစွာဖြင့် ထူထောင်နိုင်သည်၊ ဥပမာ –
    - ကဏ္ဍအလိုက်လေ့လာမှု
    - ရှိနှင့်ပြီးသား အရင်းအမြစ်များကို ဆန်းစစ်ခြင်း
    - နိုင်ငံအဆင့်ကလေးအလုပ်သမားများဆိုင်ရာစစ်တမ်းအပြည့်အစုံတစ်ခု သို့မဟုတ် လုံးဝခြားနားသည့် အရာတစ်ခု
- ပရိုဂရမ်အားစောင့်ကြည့်ရန်နှင့် အနာဂတ်အစီအစဉ်များအတွက် အချက်အလက်စုဆောင်းမှုနှင့် လေ့လာသုံးသပ်မှု ကို ပရိုဂရမ်တွင်ထည့်သွင်းရေးဆွဲပါ။

**ကလေးအလုပ်သမားစောင့်ကြည့်လေ့လာရေးစနစ်**

- အထောက်အထားအခြေပြုတုံ့ပြန်ဆောင်ရွက်နိုင်ရန် အစီအစဉ်ကျသော မူ သို့မဟုတ် ဖွဲ့စည်းပုံ ထားရှိခြင်း။
- ကလေးများကို ကာကွယ်စောင့်ရှောက်ခြင်း (သို့မဟုတ်အခြား) စနစ်များကို ယင်းကဲ့သို့စနစ်ရှိသည့်အရာများနှင့် အစဉ်ပေါင်းစည်းထားခြင်း။
- ကလေးတစ်ဦးချင်းစီကို ခွဲခြားသတ်မှတ်ရန်နှင့် သင့်လျော်သောဝန်ဆောင်မှုများထံ ညွှန်းပို့ရန် (ထိုကဲ့သို့သောဖြစ်ရပ်များအတွက် စံလုပ်ငန်းဆောင်ရွက်မှုလုပ်ထုံးလုပ်နည်း (SOP) မှတစ်ဆင့် လုပ်ဆောင်သင့်သည်)။
- အချက်အလက်စုဆောင်းခြင်းနှင့် သိမ်းဆည်းခြင်းအပြင် ကလေးတစ်ဦးချင်းစီအတွက် တိုးတက်မှုအား ခြေရာခံခြင်း နှင့် အမည်မဖော်ထားသော အချက်အလက်များအား ပေါင်းစည်းခြင်းတို့ကိုပါ ခွင့်ပြုခြင်း။
- CLMS တစ်ခုအတွက် သီးခြားကျင့်ဝတ်ဆိုင်ရာပြဿနာ– အချက်အလက်ကို မည်သူဝင်ရောက်ခွင့်ရှိသနည်း၊ မည်သည့်ပုံစံဖြင့်၊ ကလေးများသည် ၎င်းတို့၏မှတ်တမ်းများတွင် ပါရှိသည်ကို သိရှိနိုင်စေရန် မည်သို့သေချာနိုင်မည်နည်း။

**အောက်ဖော်ပြပါများထဲမှ မည်သည့်အရာသည် သက်သေအခြေခံသည့် လုပ်ဆောင်ချက်တစ်ခု၏ "စီမံခြင်းနှင့် ပရိုဂရမ်ရေးဆွဲခြင်း" ၏ အဓိကကျသောကဏ္ဍများဖြစ်ပါသနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ **က** အသေးစိတ်ဆန်သော အစီအစဉ်ချခြင်းနှင့် ပရိုဂရမ်ရေးဆွဲခြင်းများသည် အချက်အလက်နှင့် ဗဟုသုတများကို ဆောင်ယူပြီး စီစဉ်သည့်အရာပေါ်မူတည်၍ အရင်းအမြစ်မျိုးစုံမှ ရရှိနိုင်သည်။

☐ **ခ** ကလေးတစ်ဦးချင်းစီကို ဖော်ထုတ်ရန်နှင့် ၎င်းတို့အား စံချိန်မီလည်ပတ်သည့်လုပ်ငန်းစဉ်ကဲ့သို့ သင့်လျော်သော အဖွဲ့အစည်းများထံ လွှဲပေးရန် ကျောရိုးတစ်ခုဖြစ်သည်။

☐ **ဂ** ပရိုဂရမ်အားစောင့်ကြည့်ရန်နှင့် အနာဂတ်အစီအစဉ်များအတွက်ပါ အချက်အလက်စုဆောင်းမှုနှင့် လေ့လာသုံးသပ်မှုကို ပရိုဂရမ်တွင် ထည့်သွင်းရေးဆွဲပါ။

သင်ခန်းစာ ၆/၇

# ▶ မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

## ဂုဏ်ပြုပါသည်။

သင်ဟာ အခန်းကြီး – ၂။ **အထောက်အထားအခြေပြု တုံ့ပြန်ဆောင်ရွက်ခြင်း** သင်ခန်းစာကို ပြီးစီးလုနီးပါး ရှိသွားပါပြီ။

အောက်ပါအချက်များသည် သင့်အားမည်သည့်လေ့လာမှု ကွာဟချက်များကိုမဆို ဖော်ထုတ်ရာတွင် ကူညီပေးရန် အထူးဖန်တီးထားသော မေးခွန်းများနှင့် အတူ ကိုယ့်ကိုယ်ကို အကဲဖြတ်မှုဖြစ်သည်။ သင်သည် အမှတ်များရရှိနေပြီ ဖြစ်သော်လည်း ယင်းသည် စမ်းသပ်စာမေးပွဲ မဟုတ်သည့်အတွက် အောင်မှတ် မရှိပါ။ သင်၏ ရမှတ်များကို အသုံးပြု၍ မည်သည့်နေရာတွင် လိုအပ်ချက်ရှိသည်ကို ဖော်ထုတ်ကာ ပြန်လည်လေ့လာမှုပြုလုပ်ပါ။

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။ သင့်အနေဖြင့် ကိုယ့်ကိုယ်ကို ပြန်လည်အကဲဖြတ်မှုအား သင့်စိတ်ကြိုက် အကြိမ်များစွာပြုလုပ်နိုင်သည်။ ကံကောင်းပါစေ။

## မေးခွန်း ၁ / ၃

အသက် ၁၄နှစ် ရှိပြီဖြစ်သော အောင်သည် မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် အလုပ်လုပ်ပါသည်။ ကျယ်ပြန့်သော ဆင်းရဲမွဲတေမှု၊ အလယ်တန်းကျောင်းအပ်နှံမှုနှုန်းနည်းပါးခြင်းနှင့် အလုပ်သမားဥပဒေစိုးမိုးမှု အားနည်းခြင်းတို့ကြောင့် အောင်သည် အိမ်ထောင်စုဝင်ငွေကို ပံ့ပိုးပေးနိုင်ရန်အတွက် အလုပ်မဖြစ်မနေလုပ် ရမည့် အနေအထား ဖြစ်နေသည်။

**အထက်အပိုဒ်ပါ အကြောင်းအရာများနှင့် ကလေးအလုပ်သမား သုတေသနဆိုင်ရာ အသိပညာတို့ကို အခြေခံ၍ ဤဥပမာရှိ အချက်အလက်များကို စုဆောင်းရန်အတွက် မည်သည့်အချက်အလက်စုဆောင်းမှုနည်းစနစ်ကို အများဆုံးအသုံးပြုခဲ့သနည်း။**

သင့်လျော်သောအဖြေကို ရွေးချယ်ပါ။

- ☐ က ရပ်ရွာအဆင့်တွင် ပါဝင်သော ပူးပေါင်းပါဝင်သုတေသနပြုခြင်း
- ☐ ခ ကဏ္ဍအလိုက်လေ့လာခြင်း
- ☐ ဂ အလုပ်သမားအင်အားစစ်တမ်း

## မေးခွန်း ၂/၃

မြတ်သည် အသက် ၁၄ နှစ်ရှိပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ပန်းကန်ဆေးသည့် အလုပ်လုပ်ကိုင်သည်။ ထိုအလုပ်သည် သူ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားဖွံ့ဖြိုးတိုးတက်မှုကို မည်သို့ခြိမ်းခြောက်နေသည်ကို နားမလည်ပေ။ ၎င်းသည် လက်ဘက်ရည်ဆိုင် အနီးအနားရှိ ဟိုတယ်တစ်ခု၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လုပ်နေသော သူမ၏ မိခင်ကို စောင့်ရင်း လက်ဖက်ရည်ဆိုင်ပိတ်သည့်အချိန်အထိ အလုပ်လုပ်ရသည်။

**ဤဥပမာကိုအခြေခံ၍ အထူးသဖြင့် အသိပညာပေးလှုံ့ဆော်မှုများကို ဖော်ဆောင်ရန်အတွက် အစီအစဉ်ချမှတ်ရန် ရည်ရွယ်ချက်များအတွက် အကောင်းဆုံး အချက်အလက် စုဆောင်းမှုနည်းစနစ်သည် အဘယ်နည်း။**

သင့်လျော်သောအဖြေကို ရွေးချယ်ပါ။

- ☐ က — ကြံ့ရာကျပန်းနမူနာသုံး၍ကောက်ယူသော ကလေးအလုပ်သမားစစ်တမ်းများသည် အိမ်ထောင်စုစစ်တမ်းများကို ဖော်ပြသည်။
- ☐ ခ — ကမ္ဘာတစ်ဝန်း နိုင်ငံအများအပြားမှ စစ်တမ်းများ၏ အချက်အလက်များကိုပေါင်းစပ်၍ ကလေးအလုပ်သမားအရေအတွက်ကို ခန့်မှန်းသည်။
- ☐ ဂ — ကလေးအလုပ်သမားနှင့်ပတ်သက်၍ လူအများက သိရှိထားမှု၊ ကလေးအလုပ်မားများအပေါ် ၎င်းတို့၏သဘောထားများ (ကလေးလုပ်သမားများအပေါ် စဉ်းစားမှုပုံစံ)နှင့် ၎င်းတို့၏အမူအကျင့်များ (၎င်းတို့၏စိတ်နေစိတ်ထားများနှင့် ကိုက်ညီ၊ မကိုက်ညီ) နှင့် ပတ်သက်၍ နားလည်စေရန် အထူးပြုအရည်အသွေး သို့မဟုတ် ရောနှောထားသော နည်းလမ်းလေ့လာမှု။

## မေးခွန်း ၃/၃

ကျွန်တော့်သူငယ်ချင်း ကန် သည် အသက် ၉ နှစ်ရှိပြီဖြစ်ပြီး သူ၏မိသားစုသည် သူတို့ပိုင်တဲ့ လယ်မြေတွေကိုရောင်းချကာ ရွာသို့ပြောင်းရွှေ့ခဲ့ကြသည်။ သူတို့မိသားစုတွင် လယ်ယာမြေ သို့မဟုတ် အခြားပိုင်ဆိုင်မှုများမရှိဘဲ အကြွေးများသာ ကျန်ရှိသည်။ ရွာကိုပြောင်းပြီးမကြာမီ ရက်အနည်းငယ်အကြာတွင် ကန်သည် လေးလံသောဘိလပ်မြေအိတ်များ ထမ်းရသည့် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင် အလုပ်ရခဲ့သည်။ ကျောင်းတောင်မတက်နိုင်သည့် ကန်၏ အကြောင်းကို ဆရာဦးမြင့်ကို ကျွန်တော်ပြောပြချင်သည်။

**အောက်တွင် ဖော်ပြထားသည့် မဟာဗျူဟာများအနက် မည်သည့်နည်းက ကန့်ကို ကူညီမပေးနိုင်မည်ဆိုသည်ကို သင်ခွဲခြားနိုင်ပါသလား။**

သင့်လျော်သောအဖြေကို ရွေးချယ်ပါ။

- ☐ က — ဤဖြစ်စဉ်တွင် ကန်၏ကျေးရွာလူမှုဝန်ထမ်းနှင့်အတူ လေ့ကျင့်သင်ကြားရေးသင်တန်းများ ပေးခြင်းသည် ကလေးအလုပ်သမားများကို ကာကွယ်ရာတွင် အထောက်အကူဖြစ်စေနိုင်သည်။
- ☐ ခ — လုပ်ငန်းခွင်စစ်ဆေးခြင်းဖြင့် အလုပ်လုပ်နေသည့်ကလေးများအား အကာအကွယ်ပေးနိုင်သည်။ ကလေးအလုပ်သမားမရှိစေရန် ဆောက်လုပ်ရေးလုပ်ငန်းခွင်အား စစ်ဆေးသင့်သည်။
- ☐ ဂ — ပြန်လည်ပေါင်းစည်းခြင်းတို့ကို သေချာစေခြင်း – ကန်ကို ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ချက်ခြင်းဖယ်ရှားသင့်ပြီး ကန်၏ မိဘများနှင့် အခြားတာဝန်ရှိသူများထံ အသိပညာပေးမှုများ ပြုလုပ်သင့်သည်။ ဤကိစ္စတွင် ဆရာဦးမြင့်သည် ကန်၏မိဘများအား ဆောက်လုပ်ရေးလုပ်သားအဖြစ် မလုပ်စေဘဲ သူ့မကိုကျောင်းတက်ခိုင်းသင့်သည်။

သင်ခန်းစာ ၇/၇

# အနှစ်ချုပ်

ယခုသင်ခန်းစာကို သင်မပိတ်မီ အောက်ဖော်ပြပါများသည် သင်လေ့လာသင်ယူခဲ့ပြီးသော အဓိကအချက်များ၏ အနှစ်ချုပ်များဖြစ်သည်။

အရေးကြီးသော မှတ်သားစရာများအတွက် အောက်ပါနံပါတ်တစ်ခုချင်းစီကို ကြည့်ရှုပါ။

ကလေးအလုပ်သမားများ ပပျောက်ရန်အတွက် ဆောင်ရွက်ရာတွင် အဓိက မဟာဗျူဟာများမှာ –

- ကလေးအလုပ်သမား တားဆီးခြင်း
- အလုပ်လုပ်နေသည့်ကလေးများအား ကာကွယ်ခြင်း
- ပြန်လည် ပေါင်းစည်းနိုင်ရေးကို သေချာအောင်ဆောင်ရွက်ခြင်း

အချက်အလက်စုဆောင်းခြင်း၊ သိမ်းဆည်းခြင်းနှင့် ကိုင်တွယ်ခြင်းဆိုင်ရာ နည်းဗျူဟာများကဲ့သို့သော မတူညီသောအမျိုးအစားများစွာ ရှိပါသည်။ ၎င်းတို့မှာ –

- အရေအတွက်၊ ကိန်းဂဏန်းအခြေပြု စစ်တမ်းများ
- အရည်အသွေးအခြေပြု စစ်တမ်းများ
- နိူင်းယှဉ်လေ့လာ ဆန်းစစ်မှုများ
- ကလေးအလုပ်သမားဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှု အချက်အလက်များအတွက် အခြေးရင်းမြစ်များ

အထောက်အထားအခြေပြုတုံ့ပြန်ဆောင်ရွက်မှု လုပ်ဆောင်ရန်

- ၂၀၂၅ ခုနှစ်မတိုင်မီ ကလေးအလုပ်သမားအဆုံးသတ်ရန်အတွက် မူဝါဒရေးဆွဲရေးတစ်ရပ်ကို ဖော်ဆောင်ခြင်း။
- အစီအစဉ်ရေးဆွဲခြင်းနှင့် ပရိုဂရမ်ရေးဆွဲခြင်း – ပရိုဂရမ်စောင့်ကြည့်ခြင်းနှင့် အနာဂတ်အစီအစဉ်ရေးဆွဲခြင်းအတွက် အချက်အလက် အသုံးပြုခြင်း အပါအဝင်။
- ကလေးအလုပ်သမားစောင့်ကြည့် လေ့လာရေးစနစ်သည် ကလေးများအား ကာကွယ်ရန်အတွက် အသုံးဝင်သော အစီအစဉ်ကျသည့် သို့မဟုတ် ဖွဲ့စည်းပုံတစ်ခုဖြစ်သည်။

# ကိုးကားရည်ညွှန်းချက်များနှင့် အရင်းအမြစ်များ


- ILO. 2004. *Child Labour Statistics: Manual on Methodologies for Data Collection through Surveys.*
- ILO. 2005. *Manual on Child Labour Rapid Assessment Methodology.*
- ILO. 2007. "SIMPOC Module of Essential Questions on Child Labour for Inclusion in Household Surveys", available at: https://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_5014/lang--en/index.htm.
- ILO. 2017. *Global Estimates of Child Labour 2012–2016: Methodology.*
- ILO. 2019. *Assessment of Options for Establishing a Child Labour Monitoring System (CLMS) in Myanmar.*
- ILO.n.d. "Child Labour in Myanmar", available at: https://www.ilo.org/yangon/areas/childlabour/lang--en/index.htm.
- Platt, Lucinda. 2016. *Conducting Qualitative and Quantitative Research with Children of Different Ages*, Global Kids Online Method Guide No. 5.
- Sheffield University. n.d. "Ethical Considerations in Research with Children and Young People".
- UNICEF Office of Research. 2013. Ethical Research Involving Children.
  Convention on the Rights of the Child (1989)
- Worst Forms of Child Labour Convention, 1999 (No. 182)
- Alliance 8.7


**ကျေးဇူးတင်ပါသည်။ ဤသင်ခန်းစာသည် သင့်အတွက်အသုံးဝင်မယ်လို့မျှော်လင့်ပါသည်။**
**ယခု သင်ခန်းစာကို အောက်ပါလင့်ခ်မှတစ်ဆင့် အွန်လိုင်းတွင်လည်း လေ့လာနိုင်ပါသည်။**
**http://ecampus.iloyangon.org/**

# နောက်ဆက်တွဲအဖြေများ

သင်ခန်းစာ (၃)၊ စာမျက်နှာ ၆

အသက် ၁၀ နှစ်အရွယ်ကလေးများကို အိမ်အကူလုပ်သားအဖြစ်ခိုင်းစေသည့် ကလေးအလုပ်သမားဖြစ်စဉ်များကို ဖြေရှင်းရန် အကောင်းဆုံး မဟာဗျူဟာကို သင်ရှာဖွေဖော်ထုတ်နိုင်ပါသလား။

ရွေးချယ်စရာများထဲက (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ယင်းသည် ကလေးအလုပ်သမားဖြစ်စဉ်ဖြစ်ပွားပြီး ဖြစ်သောကြောင့် ကြိုတင်ကာကွယ်ခြင်းသည် ယခုအခြေအနေနှင့် မသက်ဆိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ထိုကလေးများသည် ငယ်ရွယ်ခြင်း၊ ဥပဒေအရအလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်အောက် အလွန်အမင်း ငယ်ရွယ်ခြင်းတို့ကြောင့် ၎င်းတို့အား ပြန်လည်ပေါင်းစည်းရန် လိုအပ်မည်ဖြစ်သည်။ ထိုကလေးများသည် ဥပဒေအရ အိမ်အကူလုပ်သားများ အဖြစ် ဆက်လက်လုပ်ကိုင်၍မရတော့ပါ။ အဓိကကျသော မဟာဗျူဟာများအနက် တစ်ခုမှာ ကလေးများနှင့် ဆက်နွယ်၍ တာဝန်ရှိကြသည့် အေဂျင်စီများအကြား ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၇

သင်၏နောက်ထပ်လုပ်ဆောင်မှုက ဘာဖြစ်လာမလဲ။

ရွေးချယ်စရာများထဲက (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

သင့်ရွေးချယ်မှုမှန်ကန်ပါတယ်။ သင်က တုံ့ပြန်ဆောင်ရွက်မှု မပြုလုပ်မီ အချက်အလက်များ ပိုမိုလိုအပ်သည်။ ဥပမာအားဖြင့် နောက်ထပ်အချက် အလက်တစ်ခုဖြစ်သော ကလေးအလုပ်သမားအားလုံး၏ ထက်ဝက်ခန့်ဖြစ်သော ၇၃ သန်းသည်အန္တရာယ်ကြီးသောလုပ်ငန်းခွင်တွင်လုပ်ကိုင် နေရပြီးခိုင်မာစိတ်ချရပြီး ပြည့်စုံကျယ်ပြန့်ကာနောက်ဆုံးအခြေအနေဖြစ်သော အချက်အလက်များက အရေးယူဆောင်ရွက်မှု လုပ်ဆောင်ရာတွင် အားကောင်းသောအရာတစ်ခု ဖြစ်လာနိုင်သည်။ ယင်းတွင် သင်ခန်းစာများနှင့် ကောင်းမွန်သော အလေ့အထများ ရရှိစေရန် စာရင်းအင်းဆိုင်ရာ အချက်အလက်များ၊ အရည်အသွေးမီပြီး သရုပ်ခွဲထားသော လေ့လာမှုများ၊ အစီအစဉ်များအား ချင့်တွက်မှုနှင့် အကဲဖြတ်မှုများကို စုဆောင်းခြင်း တို့ပါဝင်သည်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၁၁

## လေ့လာမှုမှတ်တိုင်

စာရင်းပြုစုထားသောအကျိုးအမြတ်များနှင့် မည်သည့်အရာက ကိန်းဂဏန်းအခြေပြု စစ်တမ်းကောက်ယူသည့်နည်းလမ်းနှင့် သက်ဆိုင်ပါသလဲ။

ရွေးချယ်စရာများထဲက (က) နှင့် (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

သင်ရွေးချယ်မှုမှန်ကန်ပါသည်။ သင်သည် ကိန်းဂဏန်းအခြေပြု စစ်တမ်းကောက်ယူသည့်နည်းလမ်း၏ အကျိုးကျေးဇူးများကို မှန်ကန်စွာ ခွဲခြားဖော်ထုတ်နိုင်ခဲ့သည်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၁၃

## လေ့လာမှုမှတ်တိုင်

အောက်ပါမည်သည့်အရာက နိုင်ငံယှဉ်လေ့လာသုံးသပ်မှု၏ အကျိုးကျေးဇူးဖြစ်သနည်း။

ရွေးချယ်စရာများထဲက (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

သင်ရွေးချယ်မှုမှန်ကန်ပါသည်။ အရည်အသွေးပေါ်မူတည်၍ နိုင်ငံယှဉ်လေ့လာသုံးသပ်မှုသည် အထောက်အထားအခြေပြု၍ တုံ့ပြန်ဆောင်ရွက်မှု မဟာဗျူဟာများအတွက် အကြံပြုချက်များပေးရန် ရှိနှင့်ပြီးသားအထောက်အထားများကို စုဆောင်းပြီး သုံးသပ်မည်ဖြစ်သည်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၁၅

## လေ့လာမှုမှတ်တိုင်

ကလေးအလုပ်သမားနှင့်ပတ်သက်၍ သုတေသနလုပ်ဆောင်ချိန်တွင် မရှိမဖြစ်အရေးပါသော ကျင့်ဝတ်ပိုင်းဆိုင်ရာ ကိစ္စများအား မည်သို့ ထည့်သွင်းစဉ်းစားရန်နှင့် ဖြေရှင်းရန် ဖော်ထုတ်ပါ။

ရွေးချယ်စရာများထဲက (က) နှင့် (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ကလေးအလုပ်သမားဆိုင်ရာ သုတေသနပြုရာတွင် ထည့်သွင်းစဉ်းစားရန် အချို့သော ကျင့်ဝတ်ဆိုင်ရာ ပြဿနာများသည် မရှိမဖြစ် လိုအပ်ပါသည်။၎င်းတို့တွင် သုတေသနကို စတင်သောအခါတွင်၊ သုတေသနပရောဂျက်အတွက် ဝင်ပေါက်များကား မည်သူနည်း။ ဤဝင်ပေါက်များသည် မိဘများ၊ ကျောင်း သို့မဟုတ် ကလေးထိန်းဌာန၊ နှင့်/သို့မဟုတ် ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးအာဏာပိုင်များ ဖြစ်နိုင်သည်။ ထို့အပြင်၊ ကလေးသူငယ်များနှင့် လူငယ်များနှင့် သုတေသနပြုလုပ်ရာတွင် ကလေး/လူငယ်များနှင့် ၎င်းတို့၏အုပ်ထိန်းသူများ (အပြင် အခြားသော ဝင်ပေါက်များ လည်း ဖြစ်နိုင်သည်) ၏ သဘောတူညီချက်ကို ရယူရန် လိုအပ်ပါသည်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၆

အောက်ဖော်ပြပါများထဲမှ မည်သည့်အရာသည် သက်သေအခြေခံသည့် လုပ်ဆောင်ချက်တစ်ခု၏ "စီမံခြင်းနှင့် ပရိုဂရမ်ရေးဆွဲခြင်း" ၏ အဓိက ကျသောကဏ္ဍများဖြစ်ပါသနည်း။

ရွေးချယ်စရာများထဲက (က) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အစီအစဉ်ချမှတ်ခြင်းနှင့် ပရိုဂရမ်ရေးဆွဲခြင်း၏ အဓိကကျသောကဏ္ဍအချို့တွင် အချက်အလက်စုဆောင်းခြင်းဆိုင်ရာ အသေးစိတ်အစီအစဉ်များ၊ ပရိုဂရမ်များ ရေးဆွဲခြင်း၊ အသိပညာစုဆောင်းခြင်းဆိုင်ရာ အသေးစိတ်အစီအစဉ်များနှင့် ပရိုဂရမ် ချမှတ်ခြင်း၊ အချက်အလက်စုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း အစီအစဉ်များကို တည်ဆောက်ခြင်းများအတွက် စောင့်ကြည့်ရေး နှင့် အနာဂတ် အစီအစဉ်ရေးဆွဲခြင်း ရည်ရွယ်ချက် နှစ်မျိုးလုံး ပါဝင်ပါသည်။

သင်ခန်းစာ (၆)၊ စာမျက်နှာ ၁၇

## မိမိကိုယ်ကို အကဲဖြတ် သုံးသပ်ခြင်း

မေးခွန်း ၁/၃

အထက်အပိုဒ်ပါ အကြောင်းအရာများနှင့် ကလေးအလုပ်သမား သုတေသနဆိုင်ရာ အသိပညာတို့ကို အခြေခံ၍ ဤဥပမာရှိ အချက်အလက်များကို စုဆောင်းရန်အတွက် မည်သည့်အချက်အလက်စုဆောင်းမှုနည်းစနစ်ကို အများဆုံးအသုံးပြုခဲ့သနည်း။

ရွေးချယ်စရာများထဲက (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဥပမာတွင်ပါရှိသော အချက်အလက်သည် ကဏ္ဍဆိုင်ရာလေ့လာမှုကို အသုံးပြု၍ ရရှိနိုင်ခြေအရှိဆုံးဖြစ်သည်။ ကဏ္ဍအလိုက် လေ့လာမှုတစ်ခုသည် သဘာဝတရားအပေါ် နက်ရှိုင်းစွာ သုတေသနပြုပြီး ကိန်းဂဏန်းရုပ်ပုံလွှာကို ကလေးလုပ်သားဖြစ်ရသည့် အရင်းခံအကြောင်းတရားများ၊ ကလေးများ၏ အတွေ့အကြုံများ၊ ကလေးလုပ်သားအပေါ် ခံယူချက်နှင့် စံတမ်းများမှတစ်ဆင့် သုတေသနပြုရန် ခက်ခဲသော အခြားအကြောင်းအရာများကို အရည်အသွေးဆိုင်ရာ သုတေသနနှင့် ပေါင်းစပ်ကာ အသုံးဝင်ပါသည်။
ပေးထားသည့်ဥပမာနှင့်စပ်လျဉ်း၍ အသက် ၁၄ နှစ်အရွယ် ဆယ်ကျော်သက်ကလေးတစ်ဦးက ၎င်း၏မိသားစုအား ကူညီရန်မှာ ပြဿနာမဟုတ်သော်လည်း အထည်ချုပ်လုပ်ငန်း၏ လုပ်ငန်းခွင်အခြေအနေများသည် အလုပ်ချိန်ကန့်သတ်ချက်မရှိသဖြင့် ကလေးများသည် လူကြီးများနှင့် တူညီသောအလုပ်ချိန်များအညီအလုပ်လုပ်ရသည်။ ထို့ပြင် အောင်သည် ကျောင်းတွင် ပညာဆက်လက်သင်ယူနိုင်ရန်အတွက် ၄ နာရီသာအလုပ်လုပ်ပြီး ကျောင်းတက်နိုင်ရန် အရေးကြီးသည်။ ရပ်ရွာအဖွဲ့ဝင်များကလည်း ကလေးအလုပ်သမားခိုင်းစေခံရမှု သို့မဟုတ် ဆိုးရွားသော လုပ်ငန်းခွင်အခြေအနေဖြစ်ပေါ်ခဲ့ပါက လေ့လာစောင့်ကြည့်နိုင်ပြီးမိဘများ စက်ရုံမန်နေဂျာများနှင့် အစိုးရလူမှုဖူလုံရေးတာဝန်ရှိသူများထံ တုံ့ပြန်ပြောကြားနိုင်သည်။

မေးခွန်း ၂/၃

အစီအစဉ်ချမှတ်ရန်အတွက် အထူးသဖြင့် အသိပညာပေးအစီအစဉ်များအတွက် အသုံးဝင်နိုင်သည့် ထိုဥပမာအတွက် မည်သည့်အရာက အကောင်းဆုံးအချက်အလက်စုဆောင်းသည့်နည်းလမ်း ဖြစ်မည်ဟု သင်ထင်သနည်း။

ရွေးချယ်စရာများထဲက (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အဖြေ (ဂ) သည် အသိပညာ၊ သဘောထားခံယူချက်များနှင့် အလေ့အထကျင့်သုံးမှုများ (KAP) လေ့လာမှုများ၏ ဥပမာတစ်ခုဖြစ်သည်။ ယင်းသည် ကလေးလုပ်သားနှင့်ပတ်သက်သော လူများ၏ အသိပညာ၊ သဘောထားနှင့် အလေ့အကျင့်များကို နားလည်သဘောပေါက်စေရန် အရည်အသွေးပြည့်မီသော သို့မဟုတ် ရောစပ်နည်းစနစ်ကျသော လေ့လာမှုအမျိုးအစားတစ်ခုဖြစ်သည်။ KAP သည် အထူးသဖြင့် အသိပညာပေးလှုံ့ဆော်မှုများအတွက်သာမက လူတို့၏အသိပညာ၊ သဘောထားနှင့် အလေ့အကျင့်များ (ဥပမာ၊ ပညာရေးအစပျိုးမှုများကဲ့သို့သော) သက်ရောက်မှုရှိနိုင်သော အခြားလုပ်ဆောင်ချက်များနှင့် ပရောဂျက်များအတွက်လည်း အသုံးဝင်ပါသည်။ အသက် ၁၄ နှစ်အရွယ်ကလေးတစ်ယောက်က ၎င်း၏မိသားစုကို ကူညီသည်မှာ မမှားယွင်းပေ။ သို့သော် လက်ဘက်ရည်ဆိုင်ပိုင်ရှင်သည် မြတ်အား ၎င်း၏ ကလေးပီပီနေထိုင်ခြင်းကို ပိတ်ပင်ခြင်း ၊ ၎င်း၏ ကျောင်းတက်ခွင့်များအား ဝင်ရောက်စွက်ဖက်ခြင်းတို့ဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်နေသည်။ ထို့ပြင် မြတ်သည် ၎င်း၏လုပ်အားခ ထိုက်သင့်စွာရရှိရန်နှင့် အလုပ်ပြီးပါက ရွှေ့လျားစာသင်ကျောင်းသို့ သွားနိုင်ရန် အရေးကြီးပေသည်။ မြတ် ကဲ့သို့သော ကလေးများသည် ၎င်းတို့၏ ပညာရေးကို အနှောင့်အယှက်မရှိဘဲ သို့မဟုတ် ၎င်းတို့၏ ဖွံ့ဖြိုးမှုကို အဟန့်အတားမရှိသည့် သင့်လျော်သော ပတ်ဝန်းကျင်တွင် အလုပ်လုပ်နိုင်စေရန် အသိပညာပေး လှုံ့ဆော်မှုများသည် လူတို့၏ သဘောထားနှင့် အလေ့အကျင့်များကို ပြောင်းလဲရန် ကူညီပေးနိုင်ပါသည်။

မေးခွန်း ၃ /၃

အောက်တွင်ဖော်ပြထားသည့် မဟာဗျူဟာများအနက် မည်သည့်နည်းက ကန့်ကို ကူညီပေးနိုင်မည်ဆိုသည်ကို သင်ခွဲခြားနိုင်ပါသလား။

ရွေးချယ်စရာများထဲက (က) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ကန် သည် အလုပ်မလုပ်နိုင်လောက်အောင် ငယ်ရွယ်ပြီး အလုပ်လုပ်ကိုင်ခြင်းသည် ကလေးအတွက် အန္တရာယ်ဖြစ်စေသည်။ ကန်ကို ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ချက်ချင်းဖယ်ရှားသင့်သည်။ ကန် သည် အရည်အသွေးကောင်းမွန်သော အခမဲ့ မသင်မနေရ ပညာရေးကို သင်ယူခွင့်ရရှိရန်လည်း အရေးကြီးပါသည်။ ဤအရာကို အောင်မြင်ရန် ကန် ၏မိဘများကြားတွင် အသိပညာ တိုးပွားစေရမည်။

# မြန်မာနိုင်ငံကလေးအလုပ်သမားဆိုင်ရာ အီလတ်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်

## ကလေးအလုပ်သမားဆိုင်ရာ သိမြင်နားလည်မှုနှင့် အတူ ဆန့်ကျင်တိုက်ဖျက်ရန် အတွက် ဘက်ပေါင်းစုံမှပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့အစည်းများမှ လုပ်ပိုင်ခွင့် အားကောင်းလာစေခြင်း။

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော ကလေးများသည် ၎င်းတို့၏အခြေခံအခွင့်အရေး၊ ပညာရေးနှင့် ကလေးဘဝကို ဆုံးရှုံးနေရဆဲဖြစ်ပြီး ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးအတွက် ရပ်တည်ပေးဖို့ အရေးကြီးပါသည်။
“မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်” သည် ပျံ့နှံ့နေသော ကလေးအလုပ်သမားပြဿနာကို မီးမောင်းထိုးပြရန် ပုံဖော်ထုတ်ထားသည့် ပြီးပြည့်စုံသော အီလက်ထရောနစ် သင်ကြားရေး စနစ်ဖြစ်ပြီး သင်ယူလေ့လာသူများအား ကလေးအလုပ်သမားအရေးအား ထိရောက်စွာကိုင်တွယ် တိုက်ဖျက်ရန် အသိပညာနှင့် ကိရိယာများအဖြစ်ပံ့ပိုး ပြင်ဆင်ပေးထားပါသည်။
ထိတွေ့ဆွဲဆောင်မှုရှိသော မီဒီယာ အကြောင်းအရာများများမှတစ်ဆင့် ၊ အပြန်အလှန်အကျိုးပြုသည့် သင်ခန်းစာများနှင့် လက်တွေ့ဘဝဖြစ်ရပ်လေ့လာမှုများသည် ပါဝင်တက်ရောက်သူများအား ကလေးအလုပ်သမားပုံစံ အမျိုးမျိုး၊ ကလေးအလုပ်သမားဖြစ်ရသည့် အရင်းခံအကြောင်းတရားများနှင့် ၎င်းကလေးများ၏ဘဝ၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများအပေါ် လေးနက်သော သက်ရောက်မှုများကို လေ့လာနိုင်မည်ဖြစ်သည်။ ရှုပ်ထွေးနက်နဲသော ထောက်ပံ့ရေး ကွင်းဆက်များ၊ ဥပဒေပြုရေး၊ ပဋိပက္ခများနှင့် ကလေးလုပ်သားပပျောက်ရေးအတွက် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ အစပျိုးမှုများ၊ ကာကွယ်တားဆီးရေးနှင့် ကြားဝင်ဆောင်ရွက်မှုများအတွက် လက်တွေ့ကျသော နည်းဗျူဟာများကို ရှာဖွေရန်ဖြစ်သည်။ သင်သည် သက်ဆိုင်ရာနိုင်ငံသား၊ ပညာပေးသူ၊ စစ်ဆေးရေးအရာရှိ၊ ဆရာ/မ၊ မူဝါဒချမှတ်သူ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူဖြစ်စေ ဤသင်တန်းသည် သင့်အားခြားနားမှုတစ်ခုပြုလုပ်ရန် ပေးစွမ်းနိုင်ပါသည်။ ကလေးအလုပ်သမား၊ မတရားအလွဲသုံးစားလုပ်မှု၊ ခေါင်းပုံဖြတ်ခံရမှုများကို ရပ်တန့်ရန်နှင့် ကလေးများအားလုံး ၎င်းတို့၏ ကလေးဘဝနှင့်ဆိုင်သော အခြေခံအခွင့်အရေးများကို ခံစားရရှိစေပြီးဘေးကင်းလုံခြုံစွာ ပြုစုပျိုးထောင် ပေးခြင်းအားဖြင့် ပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့ဝင် များအားလုံးကို အခွင့်အာဏာပေးအပ်စေနိုင်ဖို့ရာ ကျွန်ုပ်တို့နဲ့အတူ ပါဝင်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။ ကျွန်ုပ်တို့နှင့်အတူ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရာတွင် အပြောင်းအလဲအတွက် ချန်ပီယံဖြစ်ကြပါစို့လား။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ သင်ဟာ ကလေးအလုပ်သမားတိုက်ဖျက်ဖို့အတွက် အရေးကြီးဆုံးပုဂ္ဂိုလ် တစ်ဦးအဖြစ်ရှိနေပါသည်။

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
W: ilo.org/childlabour
@ILO_Childlabour

**အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာနိုင်ငံ။**

အမှတ် ၁ (က) ၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း : +၉၅ ၁၇၃၃၆၅၃၈၊ ~၉/ ၅၇၉၉၅၆ / ၅၇၈၉၂၅
ဖက်စ် : +၉၅ ၁၇၃၃၆၅၈၂
အီးမေးလ် : yangon@ilo.org

ISBN 978-92-2-039016-0